Voice of Burma

Published by Voice of Burma Information Group

Issue No. 717 July 5, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN

Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp

# ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခွင့်ရရေး ဘန်ကီးမွန်း စောင့်ဆိုင်းနေရဆဲ

**VOA၊ ဂျူလိုင် ၄ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ ရုံးတင်တရားစွဲဆိုခံနေရသူဖြစ်တဲ့အတွက် အတွင်းရေးမှူးဘန်ကီးမွန်းနဲ့ တွေ့ခွင့်မပေးနိုင်ဘူးလို့ နအဖစစ်ခေါင်းဆောင်ဗိုလ်ချုပ်သန်းရွှေက ငြင်းပယ်ထားပါတယ်။

အတွင်းရေးမှူးချုပ်ဘန်ကီးမွန်းကတော့ နအဖဘက်က တုံ့ပြန်ချက်ကို စောင့်နေတယ်လို့ပြောပါတယ်၊ မစ္စတာ ဘန်ကီးမွန်းဟာ ဗိုလ်ချုပ်သန်းရွှေနဲ့ စစ်အုပ်စုခေါင်းဆောင်တွေကို မနေ့က နေပြည်တော်မှာ တွေ့ဆုံခဲ့ပါတယ်၊ မနေ့က ဗိုလ်ချုပ်သန်းရွှေနဲ့ ၂ နာရီကြာ ဆွေးနွေးတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကိုတွေ့ဆုံခွင့်ရဖို့ သူတောင်းဆိုခဲ့ကြောင်း သတင်းထောက်တွေကို အခုလိုပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျနော်တွေ့ချင်တယ်လို့ပြောပါတယ်။ ဒါပေမယ့် သူက ဒေါ်အောင်ဆန်းစုကြည်ဟာ တရားစွဲခံနေရဆဲလို့ပြောပါတယ်။ ကျနော်က ဒါဟာ ကျနော်ဘက်က အဆိုပြုချက်ဖြစ်တယ်၊ ဒီကိစ္စအရေးကြီးတယ်ဆိုတာ ကျနော်ပြောခဲ့ပါတယ်။ အခု သူတို့ဘက်က ဘယ်လိုစဉ်းစားတုံ့ပြန်မလဲဆိုတာ ကျနော်စောင့်နေပါတယ်။”

အတွင်းရေးမှူးချုပ် ဘန်ကီးမွန်းဟာ ဒီကနေ့ စနေနေ့ မြန်မာနိုင်ငံကနေ ပြန်လည်ထွက်ခွာမှာဖြစ်တဲ့အတွက် သူမပြန်ခင် စစ်အုပ်စုဘက်က အဖြေကို စောင့်နေတယ်လို့ဆိုပါတယ်။ ဒါပေမယ့် အတွင်းရေးမှူးချုပ် ခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ထက် သူမလွတ်မြောက်ရေးဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဘာဘဲဖြစ်ဖြစ် တွေ့ဆုံခွင့်တောင်မရဘူးဆိုရင် သူမ လွတ်မြောက်အောင် စစ်အုပ်စုခေါင်းဆောင်တွေကို နားချရေးမှာ အောင်မြင်ပါ့မလား၊ သူ့ရဲ့ တိုတောင်းလှတဲ့ ၂ ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်ဟာ အချည်းနှီး ရလဒ်မဲ့ ခရီးစဉ်တခုဖြစ်သွားလေမလားဆိုတဲ့ စိုးရိမ်စိတ်တွေရှိနေပါတယ်။

အတွင်းရေးမှူးချုပ် ဘန်ကီးမွန်းက စစ်အုပ်စုခေါင်းဆောင်တွေနဲ့ သူတွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့ တိုက်တွန်းခဲ့တဲ့အကြောင်းနဲ့ အခြားဆွေးနွေးခဲ့တာတွေကိုလည်း သတင်းထောက်တွေကို အခုလိုရှင်းပြပါတယ်။

“အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံရေးအရ ခြေခြေမြစ်မြစ် အဓိပ္ပါယ်ရှိရှိအဆင့်မှာ တွေ့ဆုံဆွေးနွေးဖို့ ကျနော်တိုက်တွန်းခဲ့ပါတယ်။ ၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲကို မျှမျှတတနဲ့ တရားဝင်ဖြစ်အောင်၊ လူအများလက်ခံယုံကြည်အောင် ကျင်းပဖို့ အရေးကြီးတယ်ဆိုတာ ကျနော်ပြောခဲ့ပါတယ်။ မြန်မာပြည်သူတွေရဲ့ ဆန္ဒနဲ့အညီကျင်းပဖို့ ကျနော်ပြောခဲ့ပါတယ်။”

နိုင်ငံရေး အကဲခတ်တွေကတော့ နအဖစစ်အုပ်စုကို ၂၀၁၀ ရွေးကောက်ပွဲမှာ အားလုံးပါဝင်ခွင့်နဲ့ အများလက်ခံအောင် ကျင်းပဖို့ ကုလသမဂ္ဂက နားချနေပေမယ့် ဒီအတိုက်အခံခေါင်းဆောင်တွေကို ဖမ်းဆီးထားတာကိုက ၂၀၁၀ ရွေးကောက်ပွဲမှာ မပါနိုင်အောင် စစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိ ဘေးဖယ်ထားတာလို့မြင်ကြပါတယ်။

စစ်တပ်က နိုင်ငံ့အာဏာကို တရားဝင် ဆုပ်ကိုင်နိုင်ခွင့်အပေါ် အတိမ်းအစောင်းမခံနိုင်တဲ့အတွက် နိုင်ငံရေး ဖိနှိပ်မှုတွေကို ဒီနှစ်ပိုင်းမှာ တိုးပြီးလုပ်လာတာလို့လည်း လူ့အခွင့်အရေးအဖွဲ့တွေက ပြောပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်အတွင်း မြန်မာနိုင်ငံအကျဉ်းထောင်တွေမှာ စစ်အုပ်စုကို ဆန့်ကျင်လို့ ဖမ်းဆီးထားတဲ့ အရေအတွက် ၂ ဆ ပိုများလာခဲ့သလို အကျဉ်းထောင်တွင်း ကျန်းမာရေး စောင့်ရှောက်မှုနဲ့ အစားအသောက် ညံ့ဖျင်းတဲ့အတွက် အကျဉ်းသား ၄၀ လောက်သေဆုံးခဲ့တယ်လို့လည်း လူ့အခွင့်အရေးအဖွဲ့တွေက ပြောပါတယ်။

ဒီလို နိုင်ငံရေး ဖိနှိပ်မှုတွေရှိနေတဲ့အတွက် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ တောင်းဆိုချက်တွေကို စစ်အုပ်စုခေါင်းဆောင်တွေ လိုက်လျောလာအောင် လုပ်ဖို့ဆိုတာ ခက်ခဲတဲ့တာဝန်တခုဖြစ်တယ်ဆိုတာကို ဘန်ကီးမွန်းကိုယ်တိုင် ဝန်ခံထားပါတယ်။ နအဖစစ်အုပ်စုဟာ နိုင်ငံတကာခေါင်းဆောင်တွေရဲ့ မြန်မာပြည်ခရီးစဉ်တွေကို အသုံးချပြီး သူ့ဝါဒဖြန့်ချိရေးအတွက် ကောင်းကောင်းအသုံးချခဲ့တဲ့ အစဉ်အလာတွေရှိခဲ့တာကြောင့် အခု မစ္စတာဘန်ကီးမွန်းရဲ့ခရီးစဉ်ကိုလည်း အလားတူ အသုံးချသွားမှာကို နိုင်ငံတကာက လူ့အခွင့်အရေးအဖွဲ့အစည်းတွေကို အထူးစိုးရိမ်နေကြောင်း သိရပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်ကို ကုလအတွင်းရေး မှူးချုပ်နဲ့ နအဖက တွေ့ခွင့်မပြု**

**စာမျက်နှာ ၂**

**ဒေါ်အောင်ဆန်းစုကြည် အား ဟန်ပြရုံးတင်စစ် ဆေးမှုရက်ချိန်းပြောင်း**

**စာမျက်နှာ ၈**

**အတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ မြန်မာနိုင် ငံခရီးစဉ်အပေါ် ဝေဖန် သုံးသပ်ချက်များ**

**စာမျက်နှာ ၁၀**

**မြန်မာနိုင်ငံတွင် ဝက်တုပ်ကွေး စတင်ဖြစ်ပွားနေ၍ အများ ပြည်သူ သတိထားသင့်**

**စာမျက်နှာ ၁၃**

**စစ်ပြေးဒုက္ခသည်များအတွက် ယာယီဒုက္ခသည်စခန်း ထိုင်း က ဖွင့်လှစ်တော့မည်**

**စာမျက်နှာ ၁၆**

VOB အာဘော်

# ရှင်းလင်းပြတ်သားစွာဆက်ဆံရတော့မည်

၂၀၁၀ ရွေးကောက်ပွဲသည် မိမိတို့အာဏာဆက်လက်ချုပ်ကိုင်ရန် တခုတည်းထွက်ပေါက်ဖြစ်သည်ဟု နအဖစစ်အာဏာရှင်များက အခိုင်အမာယုံကြည်ထားသည်။ ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်စွာဖြင့် အပြင်တွင်ရှိနေပါက မိမိတို့အစီအစဉ်ပျက်မည်ဟုတွက်ဆသောကြောင့် သူမအားထောင်ချရန် အာဏာရှင် ဗိုလ်ချုပ်ကြီးများက စနစ်တကျဖြင့် အကွက်ချလုပ်ဆောင်ခြင်းဖြစ်သည်။

တချိန်တည်းမှာပင် အပစ်ရပ်တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အုပ်စုများကို လက်နက်စွန့်ကာ ရွေးကောက်ပွဲဝင်ရေးအတွက် ပြောဆိုဆွေးနွေး တွန်းအားပေးလျက်ရှိသည်။ သို့သော်လည်း ၂၀၀၈ နာဂစ်အခြေခံဥပဒေက ဒီမိုကရေစီအခြေခံများနှင့်မကိုက်၊ လူမျိုးစုများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မပေးထားသလို၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်လည်း အာမခံချက်မရှိပေ၊ ထိုအခြေအနေများကြောင့် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံဖို့ရာငြင်းဆန်နေသည်။ ထိုအခြေအနေတွင် ကေအဲန်ယူကို အာဏာရှင်များက ထိုးစစ်ဆင်ပြသည်။ ဤသည်က အပစ်ရပ်အုပ်စုများကို နအဖစစ်အာဏာရှင်များက သတိပေးစကားပြောသလိုဖြစ်နေသည်။

ရွေးကောက်ပွဲကို မည်သည့်အကြောင်းကြောင့်နှင့်မျှ အပျက်မခံနိုင်သည့် နအဖစစ်အာဏာရှင်များကို ပြည်တွင်းနိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ပြည်ပရောက်နိုင်ငံရေးအင်အားစုများ၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့က ပြတ်သားစွာဆက်ဆံရတော့မည့်အချိန်ရောက်နေပြီဖြစ်သည်။ အကြောင်းမှာ နအဖစစ်အာဏာရှင်များသည် မိမိတို့သဘောဆန္ဒအတိုင်းဖြစ်လာစေရန် အတင်းအကျပ်ပြုမည့်အရိပ်လက္ခဏာများ မြင်တွေ့နေရခြင်းကြောင့်ဖြစ်သည်။

အဲန်အဲလ်ဒီနှင့် ပြည်တွင်းအင်အားစုများက ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မိမိတို့၏ပြတ်သားသည့်ရပ်တည်ချက်ကို နအဖသိစေရန် ထပ်မံအသိပေးထုတ်ပြန်ပြောဆိုရန်လိုအပ်ပြီး၊ တဆက်တည်းမှာပင် ၂၀၁၀ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အားလုံးပူးပေါင်းလုပ်ဆောင်နိုင်သည့်နည်းလမ်းများလည်း တပါတည်းပါသင့်သည်။ ထို့အတူ အပစ်ရပ်စဲတိုင်းရင်းသားများအပါအဝင် အခြားတိုင်းရင်းသားအဖွဲ့အစည်းအားလုံးသည် မိမိတို့၏စုစည်းညီညွတ်သောရပ်တည်ချက်ကို အနာဂတ်မြန်မာနိုင်ငံ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်ရေးအတွက် ဦးတည်လုပ်ဆောင်ကြိုးပမ်းနေသည့် မိမိတို့၏ရပ်တည်ချက်နှင့်သဘောထားကို နအဖစစ်အာဏာရှင်များသိစေရန် ပြတ်သားစွာထုတ်ဖော်ပြောဆိုကာ၊ ငြိမ်းချမ်းသောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လက်တွဲလုပ်ဆောင်ရန်လိုအပ်သည့်နည်းလမ်းများ လုပ်ငန်းများကို ကမ်းလှမ်းရန်လိုအပ်ပေသည်။ ပြည်ပရောက်နိုင်ငံရေးအင်အားစုများကလည်း ပြည်တွင်းအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အင်အားစုများ အားဖြစ်စေမည့်နည်းဗျူဟာများကို တွက်ချက်ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးကို လုပ်ဆောင်ရန် လိုအပ်နေပေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲဆိုသည့် အချက်တချက်တည်းကိုမကြည့်ပဲ၊ ငြိမ်းချမ်းသည့်အနာဂတ်မြန်မာနိုင်ငံနှင့် ဒေသတွင်းတည်ငြိမ်ရေးဆိုသည့်အချက်များကိုပါထည့်သွင်းစဉ်းစားကာ စစ်အာဏာရှင်နအဖအား ရှင်းလင်းပြတ်သားသည့်သတိပေးချက်များကို အသိပေးနိုင်ရေးသည် အရေးကြီးလှပေသည်။ သို့မဟုတ်ပါက မြန်မာ့ပြည်တွင်းရေးသည် ယခုထက်ပိုမိုဆိုးရွားကာ ဒေသတွင်းတည်ငြိမ်ရေးကိုခြိမ်းခြောက်လာနိုင်သည့် စိုးရိမ်ဖွယ်ရာနိုင်ငံတကာအရေးတခုအဖြစ် ရောက်ရှိလာနိုင်ပေသည်။

# နအဖက ဒေါ်အောင်ဆန်းစုကြည်ကို ကုလအတွင်းရေးမှူးချုပ်နဲ့တွေ့ခွင့်မပြု

**VOA၊ ဂျူလိုင် ၃ ။** ။ မြန်မာနိုင်ငံကိုရောက်နေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon ဟာ အခုလက်ရှိ နေပြည်တော်မှာရောက်နေပြီး နိုင်ငံရေးပါတီတချို့ကခေါင်းဆောင်တွေနဲ့ တွေ့ဆုံနေပါပြီ။

Mr.Ban Ki-moon က ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဘို့ တောင်းခံတာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ကနဦးတုန့်ပြန်ချက်က သိပ်အလားအလာမကောင်းလှဘူးလို့ ဆိုရမှာပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ တရားရင်ဆိုင်နေရသူဖြစ်တယ်လို့ ဗိုလ်ချုပ်မှူးကြီးကပြန်ပြောတယ်ဆိုပြီး Mr.Ban Ki-moon ကဆိုကြောင်း နေပြည်တော်ကလာတဲ့ AP သတင်းမှာဖော်ပြထားပါတယ်။ ဒါပမေယ့် Mr.Ban Ki-moon က အလွယ်တကူလက်မလျှော့ဘဲ သူ့မေတ္တာရပ်ခံချက်ရဲ့အရေးကြီးပုံကို အလေးအနက်ထပ်ပြောခဲ့ပြီး အကြောင်းပြန်ကြားမှာကို စောင့်နေတယ်လို့ သတင်းထောက်တွေကိုပြောကြောင်း AP သတင်းကဆိုပါတယ်။

ရန်ကုန်ကိုဒီကနေ့မနက်ပိုင်း ခရီးရောက်မဆိုက် Mr.Ban Ki-moon သတင်းထောက်တွေကိုပြောခဲ့တာကတော့

“အခုလုပ်ငန်းဟာ အင်မတန်ခက်ခဲတဲ့လုပ်ငန်းတခုဖြစ်မယ်ဆိုတာ ကျနော်သိပါတယ်။ အပြောင်းအလဲဖြစ်ဘို့ဆိုရင် ကျနော်တို့အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ဘို့လိုတယ်ဆိုတာ ကျနော်သိပါတယ်။” လို့ Ban Ki-moon က ပြောပါတယ်။

ဒ့ါအပြင် သူ့ရဲ့ရည်ရွယ်ချက်တခုကတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်မြောက်ရေးဖြစ်တယ်လို့လည်း ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကတော့ Mr.Ban Ki-moon ရဲ့ခရီးစဉ်နဲ့ပတ်သက်ပြီး ဘာမှသေသေချာချာသိမထားဘဲ မနေ့ကရှေ့နေတွေနဲ့တွေ့တဲ့အချိန်မှာမှ ခရီးစဉ်အကြောင်းသိတာလို့ ရှေ့နေတဦးဖြစ်တဲ့ဦးဉာဏ်ဝင်းက ပြောပါတယ်။ မနေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရှေ့နေတွေတွေ့တဲ့အချိန်မှာ ဒေါ်စုပြောခဲ့တဲ့သဘောထားတခုကိုတော့ ဦးဉာဏ်ဝင်းကအခုလိုပြန်ပြောပါတယ်။

“မနေ့ကတွေ့တဲ့အချိန်မှာ ကျနော်တို့ထဲက ရှေ့နေတဦးက ဒေါ်အောင်ဆန်းစုကြည်ကိုမေးတယ်။ Mr.Ban Ki-moon ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ ဒီအမှုပေါ်မှာ အကျိုးသက်ရောက်နိုင်တယ်လို့ ထင်သလားလို့။ သူ လုံးဝမစဉ်းစားဘူးတဲ့ ဒီအမှုအတွက် သူ စဉ်းစားနေတာ အမျိုးသားရင်ကြားစေ့ရေးဘဲ။ အမျိုးသားရင်ကြားစေ့ရေးဆောင်ရွက်ဘို့က အဓိကဘဲတဲ့။ သူ့အမှုအတွက် သူဘယ်တော့မှ ဆွေးနွေးမှာမဟုတ်ဘူးတဲ့။”

Mr.Ban Ki-moon ခရီးစဉ်ရဲ့ ရလာဒ်တခုအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်သာ လွတ်မလာဘူးဆိုရင်တော့ မအောင်မမြင်ဖြစ်ရတဲ့ ခရီးစဉ်တခုဖြစ်လိမ့်မယ်ဆိုပြီး ပြောဆိုထားတာတွေကလည်း ရှိပါတယ်။ ဒ့ါအပြင် နေအိမ်အကျယ်ချုပ်အခြေအနေပြန်ရောက်တာကို လွတ်တာမျိုးဆိုရင်လည်း အကြီးအကျယ်မအောင်မြင်တဲ့ ခရီးစဉ်ဖြစ်လိမ့်မယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က

**စာမျက်နှာ ၅ သို့**

# ဒေါ်အောင်ဆန်းစုကြည်အမှု သက်သေအယူခံလွှာတင်သွင်းမှု တရားရုံးချုပ်ကပယ်ချ

**VOA | ဂျွန် ၂၉ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးနေတဲ့ အမှု မှာ ထွက်ဆိုခွင့်ပြုဖို့ အမည်တွင်သွင်းထားတဲ့ သက်သေ ၄ ယောက်အနက် ပယ် ချခံရတဲ့ သက်သေ ၂ ယောက်နဲ့ပတ်သက်လို့ ပြန်ပြီးလက်ခံဖို့ အယူခံလွှာတင်သွင်း လျှောက်ထားခဲ့တာကို တရားရုံးချုပ်က ကြားနာခဲ့ပြီးနောက် ဒီကနေ့ ထပ်ခံပယ်ချ လိုက်ပါတယ်။ အောက်ရုံးအဆင့်ဆင့်က ပယ်ချခဲ့ပြီးတဲ့နောက် အခုနောက်ဆုံးမှာ တော့ တရားရုံးချုပ်ကပါ ပယ်ချလိုက်တာပါ။

အမှုကို နဂိုလက်ခံစစ်ဆေးနေတဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးနဲ့အထက်အဆင့် ရန်ကုန်တိုင်းတရားရုံးတို့က ပယ်ချထားခဲ့တာကို ဗဟိုတရားရုံးက အတည်ပြုပေးလိုက်တဲ့အတွက် သက်သေ ၂ ယောက်ကို ထပ်လက်ခံရေး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေက အယူခံလွှာတင်သွင်းကြိုးပမ်းခဲ့တာ အဆုံးသတ်သွားပြီးဖြစ်ပါတယ်။ ဒီကနေ့ ဗဟိုတရားရုံးရဲ့ဆုံးဖြတ်ချက်ကို မတွေ့ရသေးပေမယ့် အတည်ပြုနိုင်ပါပြီလို့ ဒေါ်အောင်ဆန်းဟုကြည်ရဲ့ရှေ့နေတဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းကပြောပါတယ်။

"ဆုံးဖြတ်ချက်ကို ဖတ်လို့မရသေးဘူး။ တရားသူကြီးက သက်ဆိုင်ရာအမှုကိုင်ဌာနကို အမှုတွဲပြန်မချဘူး။ ပြန်မချတော့ ကျနော်တို့ဖတ်လို့မရဘူး။ ပယ်တယ်ဆိုတာဘဲ Confirm ဖြစ်တယ်။ ဒါပေမယ့် ဒီနေ့မကျပေမယ့် နောက်တော့ကျမှာပါ။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေက သူတို့ဘက်ကနေ ခုခံထွက်ဆိုဖို့ စုစုပေါင်း သက်သေ ၄ ဦးတင်သွင်းခဲ့ပါတယ်။ မူလရုံးဖြစ်တဲ့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ရောဝတီတိုင်း၊ လပွတ္တာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်းကိုဘဲ လက်ခံခဲ့ပါတယ်။ နောက်တဆင့် ရန်ကုန်တိုင်းတရားရုံးကို အယူခံတင်လျှောက်ထားတဲ့အခါ တောင်ကြီးမြို့က တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးတဦးကိုဘဲ လက်ခံခဲ့ပြီး ကျန် ၂ ဦးကိုတော့ ဆက်ပြီးပယ်ချခဲ့ပါတယ်။ အခုတခါ ဗဟိုတရားရုံးကလည်း အဲဒီလိုပယ်ချထားတာကို ထပ်ပြီး အတည်ပြုပေးလိုက်ပါတယ်။

တရားရုံးအဆင့်ဆင့်ကပယ်ချခဲ့တဲ့ သက်သေ ၂ ဦးကတော့ နေအိမ်အကျယ်ချုပ်ကျနေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒုတိယဥက္ကဋ္ဌဦးတင်ဦးနဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သတင်းစာဆရာကြီးဦးဝင်းတင်တို့ပါ။ ဦးဝင်းတင်ကတော့ ခွင့်ပြုလိမ့်မယ်လို့ နဂိုကတည်းက မျှော်လင့်မထားတဲ့အကြောင်း ပြောခဲ့ဘူးပါတယ်။

"သူတို့ခွင့်ပြုရင်လည်း ဒေါ်ခင်မိုးမိုးတို့ ဦးကြည်ဝင်းတို့ဘဲ လက်ခံလိမ့်မယ်လို့ ကျနော်နဂိုကတည်းကထင်တယ်။ ကျနော့်သဘောကတော့ ဒီကိစ္စက ကျနော်ကဒေါ်စုကို သဘောကျတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လက်ကုန်နိုက်ရမယ်ပေ့ါဗျာ။ ကျနော်တို့မှာအခွင့်အရေးတွေရှိတယ်၊ တောင်းဆိုရမယ့် အခွင့်အရေးတွေရယ်၊ ရပိုင်ခွင့်တွေရှိတယ်။ အဲဒီအခွင့်အရေးတွေကို တရားရုံးချုပ်အထိ ဥပဒေကြောင်းအရ ကျနော်တို့လိုက်ပြောတယ်။ ဒါဘဲ။ မရခြင်းကတော့ သိပ်ထူးတယ်လို့ မထင်ပါဘူး။

ကျနော်တို့ သက်သေခံလည်း ဒေါ်စုကိုတော့ ထောင်ချမှာဘဲလို့ ကျနော်ကတော့ အခုထိလည်းထင်တုန်းဘဲ။ ကျနော်တို့ သက်သေမခံလည်း လွတ်စရာမရှိဘူး။ သက်သေခံလည်းလွတ်စရာမရှိဘူး။ ကျနော် အဲဒီလိုဘဲထင်နေတာပေ့ါ။ ဘာဖြစ်လို့လည်းဆိုတော့ ဒီအမှုက သိပ်ပြီးတော့ အကြောင်းမညီညွတ်လွန်း အားကြီးမှဘဲ သို့မဟုတ်လည်း ကမ္ဘာတခုလုံးက ဒ့ါထက်ပိုပြီး ပြင်းထန်တဲ့ပြစ်တင်ရှုတ်ချမှုတွေ၊ တောင်းဆိုမှုတွေများလာရင်တော့ မသိဘူး။ သာမန်အားဖြင့်တော့ သူတို့က ဒေါ်စုကို လွှတ်ပေးဖို့ဆန္ဒမရှိဘူး။ လွှတ်ချင်မှဖြင့် နဂိုကတည်းက ဒီကိစ္စကို ဘယ်လုပ်မလည်းဗျာ။ ကျနော့်အထင်ပေ့ါလေ။"

အခုဆုံးဖြတ်ချက်ဟာ ဥပဒေနဲ့လည်းမညီညွတ်၊ တရားမျှတမှုလည်း မရှိဘူးလို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

"ဥပဒေပြဋ္ဌာန်းချက်နဲ့မညီဘူး။ အောက်ရုံးတွေလုပ်တာ ကျနော်တို့ Revision ကို အတည်ပြုတဲ့အတွက် ဥပဒေနဲ့မညီဘူး။ တရားမျှတမှုမရှိဘူးဆိုတာက ကျနော်တို့သက်သေ ၄ ယောက်ဘဲတင်တယ်။ အဲဒီမှာ မူလရုံးက ၁ ယောက်၊ တိုင်းရုံးက ၁ ယောက်ခွင့်ပြုတယ်။ တရားလိုဘက်က သက်သေ ၁၅ ယောက်စစ်ခဲ့ပါတယ်။ အဲဒီတော့ ကျနော်တို့မှာ မျှတစွာဆောင်ရွက်သွားတယ်ဆိုတဲ့ အခြေအနေမျိုးမတွေ့ပါဘူး။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင်ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်း ပြောပြသွားတာဖြစ်ပါတယ်။ နဂိုစစ်ဆေးနေတဲ့အမှုကိုတော့ ဂျူလိုင် ၃ ရက်နေ့မှာ ဆက်ပြီးစစ်ဆေးဖို့ ခရိုင်တရားရုံးက ရုံးချိန်းပေးထားပါတယ်။ အဲဒီနေ့မှာ လက်ခံထားပြီးသား သက်သေတဦးဖြစ်တဲ့ ဒေါ်ခင်မိုးမိုးရဲ့ထွက်ချက်ကို ကြားနာမှာဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

အမေရိကန်နိုင်ငံသား Mr.John William Yettaw က ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းထဲကို သူ့သဘောနဲ့သူ ရေကူးဝင်ရောက်လာခဲ့တာကို ဒေါ်အောင်ဆန်းစုကြည်က လက်ခံခဲ့တယ်။ ဒါဟာ ချမှတ်ထားတဲ့ နေအိမ်အကျယ်ချုပ် တားဆီးကန့်သတ်မိန့်ကို ချိုးဖောက်တာဖြစ်တယ်လို့ စွပ်စွဲပြီးတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သူနဲ့အတူနေသူ အမျိုးသမီး ၂ ဦးကိုပါ မြန်မာအာဏာပိုင်တွေက ရုံးတင်စစ်ဆေးနေတာပါ။

ဒီလိုစွပ်စွဲခဲ့တဲ့အချိန်ဟာ ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်ထားတဲ့ နေအိမ်အကျယ်ချုပ်သက်တမ်း ပြည့်ခါနီးအချိန်လေးမှာတင် ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီလုပ်ရပ်ဟာ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားရာကနေ လွှတ်မပေးချင်တဲ့အတွက် တမင်ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်တယ်လို့ ပြည်တွင်းပြည်ပမှာ ဝေဖန်ပြောဆိုနေကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း သူ့မှာ လုံးဝအပြစ်မရှိတဲ့အကြောင်းနဲ့ ဒီအမှုဟာ နိုင်ငံရေးရည်ရွယ်ချက်သက်သက်နဲ့ လုပ်ဆောင်တာဖြစ်တဲ့အကြောင်း ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဖို့အတွက် အစိုးရခေါင်းဆောင်တွေ၊ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အာဆီယံ စတဲ့ အဖွဲ့အစည်းအသီးသီးကပါ တညီတညွတ်တည်း တောင်းဆိုထားပါတယ်။ ဒါပေမယ့်လည်း ခုချိန်အထိတော့ မြန်မာအာဏာပိုင်တွေဘက်ကနေ ပြန်လွှတ်ပေးမယ့် အရိပ်လက္ခဏာ မပြသေးပါဘူး။

# ပညာရေးအတွက် အရေးပေါ်အကူလို

**DVB | ဂျူလိုင် ၁ ။** ။ နာဂစ်မုန်တိုင်းသင့်ဒေသက စာသင်ကျောင်းနဲ့ ပညာရေးအတွက် အရေးပေါ်အကူညီလိုနေကြောင်း သုံးပွင့်ဆိုင်အဖွဲ့က ကြေညာချက်ထုတ်ပြီး နိုင်ငံတကာကို အကူအညီတောင်းခံလိုက်ပါတယ်။

လူပေါင်း တသိန်းခွဲနီးပါး သေပျောက်ပြီး ၂ သန်းနီးပါး အိုးအိမ်မဲ့ဖြစ်ခဲ့ရတဲ့ နာဂစ်မုန်တိုင်းတိုက်ခတ်ခြင်း ၁၄ လပြည့် ထုတ်ပြန်ချက်မှာ ခုလိုတောင်းဆိုလိုက်တာပါ။ နာဂစ်မုန်တိုင်းကြောင့် စာသင်ကျောင်းပေါင်း ၄,၁၀၀ ကျော် ဒါမှမဟုတ် ရှိသမျှကျောင်း အားလုံးရဲ့ ၅၀ ရာခိုင်နှုန်းကျော် ပျက်စီးခဲ့တာကြောင့် အရေးပေါ်အကူအညီလိုနေတာဖြစ်တယ်လို့ သုံးပွင့်ဆိုင်အဖွဲ့က ပြောပါတယ်။ သဘာဝဘေးဒဏ် ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌလည်းဖြစ် ဝန်ကြီးချုပ်လည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့အတူ သုံးပွင့်ဆိုင်ဥက္ကဋ္ဌ ဦးကျော်သူတို့ဟာ မကြာသေးခင်က ရောဝတီတိုင်းအတွင်း လှည့်လည်ပြီး စာသင်ကျောင်းပေါင်း ၆၀ ကျော်ကို ဖွင့်လှစ်ပေးခဲ့တယ်လို့ ဆိုပါတယ်။ ပညာရေးကဏ္ဍအတွက် နိုင်ငံတကာအကူအညီတွေရနေတာမှန်ပေမယ့် ကျောင်းသားအတော်များများဟာ ယာယီအမိုးအကာအောက်မှာ စာသင်နေရဆဲဖြစ်ပါတယ်။

ဒါကြောင့် နောက်ထပ် ကျန်နေတဲ့ကျောင်းတွေ၊ ပညာရေးလိုအပ်ချက်တွေအတွက် နိုင်ငံတကာ အကူအညီတွေ အများကြီး လိုအပ်နေဆဲဖြစ်တယ်လို့ ဦးကျော်သူက ပြောပါတယ်။ နာဂစ်အလွန် ပြန်လည်တည်ဆောက်ရေးအဖွဲ့ရဲ့ စာရင်းအရဆိုရင် ပညာရေးကဏ္ဍတည်ဆောက်ရေး ၃ နှစ်စာအတွက် အမေရိကန်ဒေါ်လာ ၁၅၇ သန်း လိုနေတယ်လို့ ရန်ကုန်အခြေစိုက် သုံးပွင့်ဆိုင်အဖွဲ့ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

**ဦးအောင်ခင်**
**မျက်မှောက်ရေးရာသုံးသပ်ချက်**

# တရုတ်–မြန်မာမူးယစ်ဆေးမှောင်ခိုလုပ်ငန်း(၆)

တရုတ်–မြန်မာမူးယစ်ဆေးတိုက်ဖျက်ရေးအကြောင်း ဒီအပတ်တင်ပြပါမယ်။ နိုင်ငံတကာမူးယစ်ဆေးရောင်းဝယ်မှုမှာ ဟောင်ကောင်နဲ့ထိုင်ဝမ်တရုတ်တွေအပြင် ပြည်မရောက်တရုတ်အတော်များများပါဝင်တယ်လို့ မူးယစ်ဆေးနှိမ်နင်းရေးဌာနတွေက ယုံကြည်ပါတယ်။

တောင်အမေရိကတိုက်၊ ကိုလံဘီယာနဲ့ပီရူးမှာ အခြေစိုက်တဲ့တရုတ်တွေကလည်း သူတို့ဆီကမူးယစ်ဆေးကို နိုင်ငံခြားတင်ပို့ဘို့ အမြဲကြိုးစားနေပါတယ်။ ဒါကြောင့် နိုင်ငံတကာက မူးယစ်ဆေးမှောင်ခိုမှာပါဝင်တဲ့ တရုတ်ဦးရေဟာ အမြဲတမ်းတိုးပွားနေပါတယ်။ ဒါပေမယ့် တရုတ်ပြည်မှာတော့ မူးယစ်ဆေးစားသုံးသူဦးရေမတိုးပွားအောင် တရုတ်အစိုးရကဆောင်ရွက်နိုင်တယ်လို့ အစီရင်ခံစာရေးသူတွေကဆိုပါတယ်။

ဆေးစွဲသူမှန်သမျှ ဆေးကုသမှုခံရပြီး မူးယစ်ဆေးရောင်းဝယ်သူကို ကြီးလေးစွာအပြစ်ပေးတာမို့ မူးယစ်ဆေးသုံးစွဲမှု ကျဆင်းလာပါတယ်တဲ့။ လွန်ခဲ့တဲ့အနှစ်တရာကျော်က ဘိန်းတင်သွင်းလို့ တပြည်လုံးဒုက္ခရောက်ရပုံကို တရုတ်အစိုးရက အမြဲသတိရနေပုံရပါတယ်တဲ့။ ဒါကြောင့် မူးယစ်ဆေးသုံးသူနည်းလာအောင် ပညာပေးစည်းရုံးတဲ့အပြင် မူးယစ်ဆေးတွေ မဝင်နိုင်အောင်လည်း ကြိုးစားပိတ်ပင်ပါတယ်။ တရုတ်အစိုးရ ဗဟိုမူးယစ်ဆေးတိုက်ဖျက်ရေးဌာနမှာ အချိန်ပြည့်အမှုထမ်း ၅၀ ကျော်ရှိပါတယ်။ အမေရိကန် DEA မူးယစ်ဆေးနှိမ်နင်းရေးဌာနမှာတော့ အမှုထမ်းတသောင်းလောက်ရှိပါတယ်။ မူးယစ်ဆေးနှိမ်နင်းတဲ့ ရဲသားတွေပါထည့်တွက်ရင် ဒီထက်များပါတယ်။ အမေရိကန်နဲ့ယှဉ်ရင် တရုတ်မူးယစ်ဆေးဌာနဟာ အသေးအမွှားလိုဖြစ်နေပါတယ်။ ဒါပေမယ့် တရုတ်တပြည်လုံးမှာ မူးယစ်ဆေးနှိမ်နင်းရေးရဲအရာရှိက နှစ်သောင်းလောက်ရှိပါတယ်။ ဒါတင်မကသေးဘူး ပြည်နယ်ရဲတပ်ဖွဲ့မှာလည်း မူးယစ်ဆေးနှိမ်နင်းရေးတပ်ဖွဲ့တွေ ထားတာကြောင့် ထိထိရောက်ရောက်နှိမ်နင်းနိုင်တာပါဘဲ။

ဘိန်းထွက်တဲ့မြန်မာပြည်နဲ့ဆက်နေတဲ့ ယူနန်ပြည်နယ်က မူးယစ်ဆေးနှိမ်နင်းရေးတပ်ဖွဲ့ဟာ အင်အားအကောင်းဆုံးဖြစ်ပါတယ်။ မူးယစ်ဆေးနှိမ်နင်းရေးအတွက် အထူးလေ့ကျင့်ထားတဲ့ရဲတပ်သားတွေ ယူနန်ပြည်နယ်မှာရှိပါတယ်။ တရုတ်ပြည်မှာဖမ်းဆီးရမိတဲ့ဘိန်းဖြူထဲမှာ ၈၀ ရာခိုင်နှုန်းဟာ ယူနန်မှာဖမ်းမိတာဖြစ်ပါတယ်။ မူးယစ်ဆေးနှိမ်နင်းရေးကိုလည်း ယူနန်ကဘဲပထမဆုံးလုပ်ပါတယ်။ မူးယစ်ဆေးတိုက်ဖျက်ရေးမှာ လုပ်ငန်း ၃ ခုခွဲထားပါတယ်။ ယူနန်ပြည်နယ်ကို မူးယစ်ဆေးမဝင်နိုင်အောင် ပိတ်ပင်တားမြစ်တာဟာ ပထမလုပ်ငန်းပါ။ ယူနန်ကိုရောက်လာတဲ့မူးယစ်ဆေးတွေ အခြားပြည်နယ်ကို ရောက်မသွားအောင်ကြိုးပမ်းတာက ဒုတိယလုပ်ငန်းဖြစ်ပါတယ်။ တတိယလုပ်ငန်းကတော့ မသင်္ကာတဲ့နေရာအားလုံးကို ရှာဖွေစစ်ဆေးတာဖြစ်ပါတယ်။

မူးယစ်ဆေးမှောင်ခိုတွေဟာ လာဒ်ထိုးတဲ့နေရာမှာ ရက်ရောတဲ့အတွက် အဂတိလိုက်စားမှုရှိတာကို တရုတ်အရာထမ်းတွေက ဝန်ခံပါတယ်။ ဒါပေမယ့် တောင်အမေရိကနိုင်ငံတွေလောက် မဆိုးသေးဘူးလို့ဆိုပါတယ်။ လာဒ်စားမှုအလွန်နည်းပါးတာကြောင့် တရုတ်မူးယစ်ဆေးနှိမ်နင်းရေးဌာနဟာ ကမ္ဘာပေါ်မှာအသန့်ရှင်းဆုံးဘဲလို့ ဘေဂျင်းအခြေစိုက်အရာထမ်းတဦးကဆိုပါတယ်။ ဘိန်းမှောင်ခိုနဲ့အစိုးရအမှုထမ်းတွေ ရောထွေးယှက်တင်ဖြစ်တာမျိုး တရုတ်ပြည်မှာမရှိပါဘူး။

မူးယစ်ဆေးနှိမ်နင်းလုပ်ငန်းဟာ သတင်းရဘို့နဲ့သတင်းပေးတွေ အများအပြားရှိဘို့ကိစ္စဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ သတင်းမရရင် ဘာမှလုပ်လို့မရပါဘူး။ စစ်ဆေးရေးစခန်းတွေဖွင့်ပြီး တွေ့မြင်သမျှကို စစ်ဆေးနေလို့ဘာမှထိရောက်မှာ မဟုတ်ပါဘူး။ ဂွမ်တုံပြည်နယ်ဟာ ပို့ကုန်သွင်းကုန်လုပ်ငန်းကို အဓိကထားတာမို့ ကုန်ထည့်တဲ့ကွန်တိန်နာတွေ သန်းနဲ့ချီပြီး နေ့စဉ်ဝင်ထွက်နေပါတယ်။ ဒါတွေကိုစစ်ဆေးဘို့ လူအင်အားရော ပစ္စည်းကိရိယာရောမရှိပါဘူး။ ကားလမ်းတွေမှာ စစ်ဆေးရေးစခန်းဖွင့်ပြီး တနှစ်လုံးရှာပေမယ့် သတင်းရတဲ့နှစ်ကြိမ်ဘဲ မူးယစ်ဆေးဖမ်းဆီးရမိပါတယ်။

ဒါကြောင့်မို့ သတင်းအချက်အလက်ဖလှယ်မှုနဲ့ စုံစမ်းထောက်လှမ်းမှုဟာ မူးယစ်ဆေးနှိမ်နင်းရေးမှာ အဓိကလက်နက်တွေဖြစ်လာပါတယ်။ မူးယစ်ဆေးအမှုဟာ သာမန်ရာဇဝတ်မှုနဲ့မတူပါဘူး။ သာမန်ရာဇဝတ်မှုမှာ ခံရသူကရဲကိုအကူအညီတောင်းတာပါ။ မူးယစ်ဆေးနဲ့ပတ်သက်တဲ့အမှုမှာ ဘယ်သူကမှရဲကိုမတိုင်ကြပါဘူး။ ဒါကြောင့် မူးယစ်ဆေးနှိမ်နင်းရေးအမှုထမ်းတွေဟာ အမြဲတမ်းစုံထောက်လှမ်းပြီး သတင်းယူနေရပါတယ်။ ဒီလိုမလုပ်ရင် ဘာမှလုပ်စရာမရှိတော့ပါဘူး။ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်တာဟာ မူးယစ်ဆေးနှိမ်နင်းရေးမှာ အရေးကြီးပါတယ်။

အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းတွေမှာ မူးယစ်ဆေးနှိမ်နင်းရေးဟာ အလွယ်ဆုံးပါ။ ရည်ရွယ်ချက်တခုတည်းကို စုပေါင်းအကောင်အထည်ဖော်တာမို့ နိုင်ငံရေးအဟန့်အတား ကင်းရှင်းတဲ့အတွက် လုပ်ရကိုင်ရလွယ်ကူတာဖြစ်ပုံရပါတယ်။ နိုင်ငံခြားအစိုးရဌာနတွေနဲ့ သတင်းဖလှယ်ရာမှာနဲ့ ပူးတွဲဆောင်ရွက်ရာမှာ အခက်အခဲမရှိဘူးလို့ တရုတ်အရာထမ်းတဦးကပြောပါတယ်။ ၂၀၀၀ ခုနှစ်ကစပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အရှိန်ရလာတယ်လို့ဆိုပါတယ်။ နိုင်ငံခြားအစိုးရဌာနတွေနဲ့ လက်တွဲလုပ်ကိုင်ရတဲ့အမှုတွေလည်း တိုးပွားလာပါတယ်တဲ့။

ဥပမာ ဘိန်းမှောင်ခို တန်ရှောင်လင်းအမှုမှာ ဗမာစစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့အတွက် ဖမ်းဆီးနိုင်တာပါ။ မြန်မာပြည်ဘက်မှာနေထိုင်ရင် တရုတ်အစိုးရမဖမ်းနိုင်ဘူးလို့ တန်ရှောင်လင်းကယူဆပြီး တရုတ်ပြည်ကို ဘိန်းဖြူတွေလိမ့်သွင်းနေပါတယ်။ ဒါပေမယ့် ဗမာရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး စုံစမ်းလိုက်တဲ့အခါမှာ ဘိန်းဖြူကီလိုတသောင်းကျော် တရုတ်ပြည်ကိုတင်သွင်းနေတာ တန်ရှောင်လင်းရဲ့အဖွဲ့ဖြစ်ကြောင်း သိရပါတော့တယ်။

တရုတ်အစိုးရမူးယစ်ဆေးဌာနဟာ နိုင်ငံပေါင်းသုံးလေးဆယ်လောက်နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဟောင်ကောင်နဲ့ပူးတွဲလုပ်ကိုင်တာ အများဆုံးဖြစ်ပေမယ့် တရားဥပဒေစနစ်ချင်းမတူတဲ့အတွက် အခက်အခဲရှိနေပါတယ်။ ဥပမာ တရုတ်ပြည်မှာခိုလှုံနေတဲ့ တရားခံပြေးတဦးကို ဖမ်းပေးဘို့ ဟောင်ကောင်ရဲက မေတ္တာရပ်ခံလာရင် တရုတ်ရဲက အဲဒီတရားခံပြေးကိုဖမ်းပြီးတော့ ဟောင်ကောင်ကိုပို့ပေးလိုက်ပါတယ်။ ဒါပေမယ့် ဟောင်ကောင်မှာခိုလှုံတဲ့ တရုတ်ပြည်ကတရားခံပြေးကိုတော့ ဟောင်ကောင်ရဲကပြန်မပို့ပေးနိုင်တာများပါတယ်။ အကြောင်းကတော့ တရုတ်ပြည်နဲ့ဟောင်ကောင်အကြားမှာ တရားခံပြန်ပို့ရေးသဘောတူစာချုပ် မရှိလို့ဖြစ်ပါတယ်တဲ့။

မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကို ဟောင်ကောင်ကကြိုးကိုင်တာများပေမယ့် အခုတော့ ဟောင်ကောင်ပါဝင်တဲ့အခန်းကဏ္ဍဟာ အရင်လောက်မကြီးမားတော့ဘူးလို့ အမေရိကန်မူးယစ်ဆေးဌာနက သုံးသပ်ပါတယ်။ ATS စိတ်ကြွဆေး စားသုံးတဲ့လူငယ်တွေများလာပြီး ဘိန်းဖြူစားသုံးသူဦးရေ ကျဆင်းလာတယ်လို့သိရပါတယ်။ ဒါပေမယ့် မူးယစ်ဆေးလုပ်ငန်းကို ငွေကြေးထောက်ပံ့ရာမှာ ဟောင်ကောင်ဟာအရေးကြီးတဲ့အခန်းကပါဝင်နေတုန်းဘဲလို့ အမေရိကန်နဲ့ဟောင်ကောင်ရဲကယူဆပါတယ်။

မူးယစ်ဆေးမှောင်လိုလုပ်ငန်းကရတဲ့ ငွေမဲတွေကို တရားဝင်ငွေဖြူဖြစ်အောင် ခဝါချတဲ့နေရာမှာ ဟောင်ကောင်တရုတ်ဟာ အကျွမ်းကျင်ဆုံးဘဲလို့ တရုတ်အစိုးရအရာထမ်းတွေက ယုံကြည်ကြပါတယ်။ သင်္ဘောမျိုးစုံဝင်ထွက်နေပြီး စည်ကားတဲ့ဆိပ်ကမ်းမြို့ဖြစ်တဲ့ ဟောင်ကောင်ကတဆင့် မူးယစ်ဆေးဖြန့်ဝေတဲ့အစဉ်အလာကတော့ ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ပါတယ်။

# ဝက်တုပ်ကွေး ကူးစက်ခံရသူကျောင်းသူတဦး ကျန်းမာရေးအခြေအနေ ကောင်းမွန်

**DVB၊ ဂျွန် ၂၉॥ ॥** ကမ္ဘာနဲ့အဝှမ်း လျှင်လျှင်မြန်မြန် ကူးစက်ပျံ့နှံ့နေတဲ့ ကမ္ဘာ့လူတုပ် ကွေးရောဂါကူးစက်ခံရတဲ့ ၁၃ နှစ်အရွယ် မြန်မာကျောင်းသူတဦးကို ဒီလ ၂၇ ရက် နေ့က မြန်မာနိုင်ငံမှာ ပထမဆုံး တွေ့ရှိခဲ့တာပါ။

အခု ကူးစက်ခံထားရတဲ့ လူနာရဲ့ ကျန်းမာရေးအခြေအနေ ကောင်းမွန်နေတယ်လို့ ကူးစက်ရောဂါတိုက်ဖျက်ရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာ စိုးလွင်ငြိမ်းက ပြောပါတယ်။။

"အခု ကလေးက အဖျားလည်း မရှိဘူး။ တော်တော်လေး ကျန်းမာရေး ကောင်းနေပြီ။ သူ့ကို ထုံးစံအတိုင်း ဆေးရုံမှာ ရောဂါထိန်းချုပ်တဲ့ ၇ ရက်ထားပြီး ဆေးရုံပေးဆင်းမှာပါ။ အဆုတ်တွေ ဘာတွေလည်း အကုန်ကောင်းတယ်။ "

ကာယကံရှင်လူနာရဲ့ လူမှုရေးကိစ္စ ဖြစ်နေတာမို့ နာမည်၊ နေရပ်လိပ်စာတွေကို ထုတ်ဖော်ပြောဆိုခွင့် မရှိဘူးလို့လည်း သူကပြောပါတယ်၊ အဲ့ဒီ ကျောင်းသူနဲ့အတူ လေယာဉ်ပေါ်မှာပါလာတဲ့ အသက် ၂၄ အရွယ် လူငယ်တဦး လူတုပ်ကွေးရောဂါ ကူးစက်ခံစားနေရပြီး မုံရွာဆေးရုံကြီးမှာစစ်ဆေးမှုတွေ ခံယူနေရတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မုံရွာဆေးရုံကြီးကို ဆက်သွယ်မေးမြန်းရာ တာဝန်ကျဆရာဝန်တဦးက ဖြေကြားပါတယ်။

"လောလောဆယ် သံသယဖြစ်ဖွယ် လူနာ မရှိပါဘူး။ ဒီကို ရောက်လည်း မရောက်ပါဘူး။ အလုပ်ထဲမှာ လူနာအနေနဲ့လည်း မရှိပါဘူး။ သတင်းတွေက ကျနော်တို့လည်း ကြားနေရပါတယ်၊ ကျနော်တို့ ဆရာဝန်တွေ၊ ဆရာမတွေတော့ နှာခေါင်းစည်းတွေ သုံးနေကြပါတယ်။ ဝတ်စုံတွေ ထုတ်ပေးထားပါတယ်။"

လေယာဉ်ပေါ် အတူစီးနင်းလိုက်ပါလာတဲ့ ခရီးသည်တွေရဲ့ ကျန်းမာရေးအခြေအနေ၊ စစ်ဆေးမှုတွေ လုံလောက်မှု ရှိမရှိဆိုတာနဲ့ပတ်သက်ပြီးတော့လည်း ဒေါက်တာ စိုးလွင်ငြိမ်းက အခုလို ပြောပါတယ်။

"ရောဂါကူးစက်မှုမရှိအောင် သူနဲ့လေယာဉ်မှာပါလာတဲ့ ခရီးသည် ၉၁ ယောက်လုံးရဲ့ အသေးစိတ် လိပ်စာတွေယူပြီး အိမ်တိုင်ရာရောက် ရောဂါစောင့်ရှောက်ကြည့်ရှုခြင်းကို သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ စောင့်ကြပ်ကြည့်ရှုနေတယ်။ သူနဲ့သွားတဲ့ ခရီးသည်တွေကတော့ တယောက်မှ ကျန်းမာရေး မကောင်းတာ မရှိပါဘူး"

မြန်မာပြည်သူထဲမှာ ရောဂါကူးစက်ခံရသူ ရှိလာတာကြောင့် စိုးရိမ်ကြောင့်ကြစိတ်တွေ ပိုများနေတယ်လို့ အထွေထွေအထူးကု ဆရာဝန်တယောက်က ပြောပါတယ်။ ရာသီတုပ်ကွေးနဲ့ ကမ္ဘာ့လူတုပ်ကွေး ရောဂါလက္ခဏာကတူနေတာကြောင့် ဓာတ်ခွဲစမ်းသပ်မှ ရောဂါကွဲပြားနိုင်မယ်လို့လည်း သူက ပြောပါတယ်။

"စစ်ဆေးဖို့ဆိုရင် ဖျားတဲ့သူကို သွေးစစ်မှ သိမှာကိုး။ ဖျားသမျှလူတွေကလည်း သွေးသွားစစ်ဖို့ မလွယ်နိုင်ဘူး၊ ထိတွေ့မှု ရာဇဝင်ရှိတဲ့သူလောက်ပဲ သိလို့ရမှာပေါ့။ တကယ်လို့ ပျံ့နှံ့လာရင်တော့ တော်တော်ခက်မယ်။"

ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့လည်း ရာသီတုပ်ကွေးရောဂါဖြစ်ပွားနေသူ တွေကို သေသေချာချာစစ်ဆေးပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေ လုပ်ပေးသင့်တယ်လို့ သူကပြောပါတယ်။ ရောဂါရှိနေတာကို သံသယရှိလာပြီဆိုရင် စစ်ဆေးသင့်တယ်လို့ ဒေါက်တာ စိုးလွင်ငြိမ်းက ပြောပါတယ်။

"ရာသီတုပ်ကွေးနဲ့ H1N1 က ဓာတ်ခွဲ စမ်းသပ်မှ သိရမှာကိုး။ အမိက က ရောဂါရှိသူလို့သံသယရှိရင် ကျန်းမာရေးဌာနတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ဆက်သွယ်ပြီး လိုအပ်တဲ့ အစီအစဉ်တွေ ဆောင်ရွက်လို့ရပါတယ်။ အထူးသဖြင့် နှာခေါင်း၊ အာခေါင်နဲ့ လည်ချောင်းကနေ တံတွေးတွေယူပြီးတော့ စစ်ဆေးတာပါ။ သွေးဖောက်ပြီး စစ်ဆရာမလိုဘူး။"

လတ်တလောမှာ ပြည်သူတွေအနေနဲ့ ရောဂါဓာတ်ခွဲစမ်းသပ်ဖို့ အခက်အခဲတွေရှိနေတယ်လို့လည်း နယ်မြို့တွေက ဆရာဝန်တချို့က ပြောပါတယ်။ ကမ္ဘာ့လူတုပ်ကွေးရောဂါဟာ ရက်ပေါင်း ၇၁ ရက် အတွင်းမှာ နိုင်ငံပေါင်း ၁၁၇ နိုင်ငံက လူခြောက်သောင်းနီးပါး ကူးစက်ခံနေရပြီး ၂၆၄ ဦး သေဆုံးခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာတော့ ဒီရောဂါကြောင့် လူ ၃ ဦး သေဆုံးခဲ့ပြီလို့ သတင်းတွေအရသိရပါတယ်။

# အရှင်ဂမ္ဘီရ၏ လျှောက်လဲချက်ကိုပယ်ချ

**DVB၊ ဂျွန် ၃၀॥ ॥** စစ်ကိုင်းတိုင်း ကလေးထောင်မှာ ဖမ်းဆီးထားတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု ခေါင်းဆောင်အရှင်ဂမ္ဘီရအတွက် အမှုလျှောက်လဲချက်တွေကို ရန်ကုန်တိုင်း အင်းစိန် အနောက်ပိုင်းခရိုင်တရားရုံးက ဒီနေ့အပြီးသတ် ပယ်ချလိုက်တယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

အရှင်ဂမ္ဘီရကို စစ်အုပ်စုက ဖမ်းဆီးပြီး နိုင်ငံတော်ပုန်ကန်မှု၊ သာသနာညှိုးနွမ်းအောင်လုပ်မှုနဲ့ အီလက်ထရောနစ် အပါအဝင် အမှုပေါင်း ၁၆ မှုနဲ့တရားစွဲပြီး ထောင်ချလိုက်တဲ့အပေါ် မိသားစုတွေက အယူခံဝင်တာ ဖြစ်ပါတယ်၊ ဒီစွပ်စွဲချက်တွေဟာ ဥပဒေနဲ့မညီတာကြောင့် တရားရုံးအနေနဲ့ လျှော့ပေ့ါ ပြင်ဆင်ပေးဖို့ အကျိုးဆောင် ရှေ့နေတွေဖြစ်တဲ့ ဦးထွန်းအောင်နဲ့ ကိုသန့်ဇော်အောင်တို့က ခရိုင်တရားရုံးထံလျှောက်လဲခဲ့တာပါ။ ပြီးခဲ့တဲ့ မေလက လျှောက်လဲချက်တင်ခဲ့ပြီး ဒီလျှောက်လဲချက်ကို အရှင်ဂမ္ဘီရရဲ့မွေးနေ့ ဒီလ ၁၉ ရက်နေ့က စတင်ပယ်ချခဲ့တာ ဖြစ်ပါတယ်။

ဒီနေ့မှာ နောက်ဆုံး အမှု ၄ ခု အတွက် လျှောက်လဲချက်ကို ခရိုင်ရုံးက ပယ်ချခဲ့တာလို့ မိသားစုဝင် တဦးဖြစ်တဲ့ မခင်သူဌေးက ပြောပါတယ်။

"ပုဒ်မတွေက မတရားစွဲဆိုတဲ့ဟာတွေ။ ပြစ်မှုလည်း မထင်ရှားဘူး။ ဒါကြောင့် လျှော့ချပေးဖို့ ပြင်ဆင်ဖို့တင်တာပါ။ ၁၉ ရက်နေ့မှာ ၁၃–၁ နှစ်မှုနဲ့ ၁၇–၁ နှစ်မှု ၄ မှုပယ်တယ်။ ၂၂ ရက်နေ့က ၂၉၅–က ရယ်၊ ၅၀၅–ခ ရယ် ၃ မှု ထပ်ပယ်တယ်။ ၂၅ ရက်နေမှာ အီလက်ထရောနစ်တမှုတည်းကို ချိန်းပြီး ၁၅ နှစ်ကနေ ၅ နှစ်လျှော့တယ်။ ၂၉ ရက်နေ့မှာ ၄ မှု ထပ်ပယ်တယ်၊ ဒီနေ့ ၃၀ ရက်နေ့မှာ ၄ မှု ထပ်ပယ်တယ်။ ၁၆ မှု အားလုံး ပြီးသွားပြီပေ့ါ။"

အီလက်ထရောနစ်အမှုကို ၁၅ နှစ်ကနေ ၅ နှစ် လျှော့ချပေးလိုက်တာကလည်း တိုင်းတရားရုံးက ကိုင်တွယ်တဲ့အမှုဖြစ်လို့ တိုင်းတရားရုံးက လျှော့ချပေးတာလို့ မခင်သူဌေးက ပြောပါတယ်။ ဒါကြောင့် အမှုအယူခံအတွက် တိုင်းတရားရုံးအထိ ဆက်တက်မယ်လို့ ပြောပါတယ်။ အရှင်ဂမ္ဘီရဟာ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှာ တက်ကြွတဲ့ ဦးဆောင်သံဃာတပါးဖြစ်ပြီး၊ အဲဒီနှစ်မှာပဲ ဖမ်းဆီးခံရတာ ဖြစ်ပါတယ်။ အဲဒီနောက် စစ်အုပ်စုက ပုဒ်မပေါင်း ၁၆ ခုနဲ့ တရားစွဲပြီး ထောင်ဒဏ် ၆၈ နှစ်ချလိုက်တဲ့အပြင် မိသားစုနဲ့ဝေးတဲ့ နယ်ထောင်ကို ပို့ထားတာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂ မှ**

ထောက်ပြထားပါတယ်။

မြန်မာအာဏာပိုင်တွေအနေနဲ့ အတွင်းရေးမှူးချုပ်နဲ့ ပူးပေါင်းဆောင်ရွက်ဘို့ မိမိတို့တိုက်တွန်းတဲ့အကြောင်း ရန်ကုန်မြို့ အမေရိကန်သံရုံးက လူထုဆက်ဆံရေးဆိုင်ရာ လက်ထောက်အရာရှိ Drake Weisert က အီးမေးလ်ကနေတဆင့် ပြောပါတယ်။ ဒါဟာ မြန်မာအစိုးရအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်မှုရှိနေတဲ့ ကိစ္စရပ်တွေမှာ တိုးတက်မှုရဘို့ပြင်ဆင်ထားတယ်ဆိုတာကို ပြသရမယ့် အခွင့်အလမ်းကောင်းတခု ဖြစ်တယ်လို့လည်း Mr.Drake ကပြောပါတယ်။

ဒီကနေ့ ညနေပိုင်းမှာတော့ Mr.Ban Ki-moon ဟာ မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့တွေ့ဘို့ရှိသလို တိုင်းရင်းသားအဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီက ခေါင်းဆောင်တွေနဲ့တွေ့ဆုံမယ်လို့ နေပြည်တော်က လာတဲ့သတင်းတွေမှာ ဖော်ပြထားပါတယ်။

ကျော်ကျော်စိုး

# အရှေ့ဘက်စစ်မျက်နှာတွင် ငြိမ်သက်နေကြသည်

ဒေါ်စုမွေးနေ့အပြီး ၃၊ ၄ ရက်အကြာတွင် ဒီမိုကရေစီရောင်းရင်းတဦးက ကျနော့်အား ဒေါ်စုမွေးနေ့ပွဲပြီးသွားတော့ ကျနော်တို့ရဲ့တိုက်ပွဲဝင်ရဲဘော်များ ငြိမ်နေကြသည်၊ ဒေါ်စုမွေးနေ့အဖြစ် မြန်မာ့အရေးကို အတော်လေးကြိုးစား ပမ်းစားလုပ်ခဲ့သည့်အတွက် တာဝန်ပြီးသွားသောကြောင့် ငြိမ်သွားသလိုဖြစ်နေသည်ဟု သူက ဆိုသည်။

ထိုအခါ ကျနော်က All Quiet on the Eastern Front အရှေ့ဘက်စစ်မျက်နှာတွင်ငြိမ်သက်နေကြသည်ဟု သူ့အား ဖြေလိုက်သည်။ ကျနော်က နောက်ပြောင်သည့်သဘောဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ အမှန်တကယ်မှာမူ ကျနော်တို့ ငြိမ်သက်၍မရပါ။ လုပ်စရာများစွာရှိပါသည်။ အကြောင်းမှာ ဒီမိုကရေစီတိုက်ပွဲတွင် ကျနော်တို့က လတ်တလောတွင် အသာရနေကြောင့် ဖြစ်သည်။ စစ်အုပ်စုသည် ခံစစ်ဆင်နွှဲနေရသည်။ ကျနော်တို့က တိုက်စစ်ဆင် နိုင်သောအနေအထားတွင်ရှိသည်။ ထို့ကြောင့် အခြေအနေအမျိုးမျိုးဖန်တီးကာ တိုက်စစ်ဆင်ရပါမည်။

ထို့အခါ ကျနော့်အား မေးကြပေလိမ့်မည်။ ဒေါ်စုတောင် ထောင်ချခံရမလားအခြေဆိုက်နေချိန်၊ ၂၀၁၀ ရွေးကောက်ပွဲကို နအဖစစ်အုပ်စုက မဖြစ်မနေကျင်းပဖို့ကြိုးပမ်းနေချိန်၊ မြန်မာပြည်သူများဆင်းရဲကျပ်တည်းမှုများကို ပိုမိုဆိုးရွားစွာကြုံနေရချိန်တွင် မည်သို့သောအကြောင်းအချက်များက ကျနော်တို့ကို အသာရစေပါသနည်းဟု မေးခွန်းထုတ်ဖွယ်ရှိပေသည်။

ထိုအတွက် ကျနော့်တွင် အကြောင်းရင်းများရှိပါသည်။ နအဖစစ်အုပ်စု၏အားနည်းချက်သည် သူ့အတွက်ခံစစ်အနေအထားကို ရောက်စေသောကြောင့်ဖြစ်သည်။ ထိုအားနည်းချက်ကို ကျနော်တို့က အလေးပေးထိုးနှက်ရ ပေမည်။ နအဖစစ်အာဏာပိုင်များ စစ်မျက်နှာတခုတွင် ခံစစ်အနေအထားသို့ဆိုက်ရောက်နေသည်ကို ပထမဦးဆုံးမြင်တွေ့နိုင်သည့်အချက်မှာ ၂၀၀၈ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုများကို ဖယ်ရှားပေးရန်တောင်းဆိုခဲ့သည်။ ထို့အပြင် အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်ကလည်း နိုင်ငံတကာ၏ပြစ်ဒဏ်ခတ်အရေးယူဖယ်ရှားမှသာလျှင် နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဟု ဆိုခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ပြစ်ဒဏ်ခတ်အရေးယူမှု Sanction သည် နအဖအပေါ် ကျရောက်နေသည့် ဖိအား Pressure တခုဖြစ်သည်။

ဒုတိယတချက်မှာ ကျင်းပမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲဖြစ်သည်။ နအဖစစ်အာဏာရှင်များက ၂၀၁၀ ရွေးကောက်ပွဲကို ၄င်းတို့ အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် တခုတည်းသောနည်းလမ်းဖြစ်သည်ဟု မှတ်ယူနေခြင်းဖြစ်သည်။ တရားမဝင်အစိုးရအဖြစ် ရပ်တည်နေသည်မှာ နှစ်ပေါင်း ၂၀ ကျော်ပြီဖြစ်ရာ ထိုအခြေအနေကိုကျော်လွှန်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီအုပ်ချုပ်သောအစိုးရတရပ်ဖြစ်သည်ကို နိုင်ငံတကာအသိုင်းအဝိုင်းအားပြသလိုပေသည်။

ယခုလိုအခြေအနေမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ၂၀၁၀ ရွေးကောက်ပွဲသည် နိုင်ငံရေးအင်အားစုအားလုံးပါဝင်သည့် တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန်လိုအပ်သည်ဟု ရာဇသံပေးထားသည်။ ဤနေရာတွင် သတိပြုရန်လိုအပ်သည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အရေးပါပုံပင်ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲသည် ၂၀၀၈ နာဂစ်အခြေခံဥပဒေကို အကောင်အထည် ဖော်ရမည့် ရွေးကောက်ပွဲဖြစ်သည်။

နာဂစ်အခြေခံဥပဒေသည် မြန်မာနိုင်ငံတွင် စစ်တပ်ကို နိုင်ငံရေးဦးဆောင်အခန်းမှပါဝင်ခွင့်ကို အာမခံချက်ပေးထားသည်။ ဒီမိုကရေစီအခြေခံများနှင့်မညီသော အကြောင်းချင်းရာများစွာပါဝင်နေသည်။ နိုင်ငံတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်ဖြစ်သည်။ ဥပဒေအားလုံး၏ခေါင်းချုပ်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို Mother of Law ဟုခေါ်သည်။

နအဖရေးဆွဲထားသောဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီစံနှုန်းများနှင့်အညီဖြစ်စေရန် ပြင်ဆင်ရေးသည် အလွန်အရေးကြီးသောအချက်ဖြစ်သည်။ ထိုသို့ ပြင်ဆင်ရန်အတွက်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈ စက်တင်ဘာလကတည်းက နအဖထံတောင်းဆိုထားပြီးဖြစ်သည်။ သို့သော် စစ်အာဏာပိုင်များက မသိကျိုးကျင်ပြုထားသည်။ ဒီမိုကရေစီစံနှုန်းများနှင့်ညီသော အခြေခံဥပဒေရှိမှသာ အနာဂတ်မြန်မာနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီထွန်းကားရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့သောအာမခံချက်များရှိသည်ဟုယုံကြည်မှသာ နိုင်ငံရေးအင်အားစုအားလုံးက ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းသို့မဟုတ်ပဲ နအဖစစ်အာဏာပိုင်များက ၄င်းတို့အလိုကျ တဘက်သတ်ကျင်းပသွားမည်ဆိုလျှင် တိုင်းပြည်အခြေအနေသည် ပိုမိုဆိုးရွားလာဖွယ်ရှိသည်၊ ထိုအခြေအနေများကို အဆင်ပြေချောမွေ့စွာဖြေရှင်းနိုင်ရေးသည် နအဖစစ်အာဏာပိုင်များအပေါ် မူတည်သည်ဟု ဆိုရမည်ဖြစ်သည်။

တဖန် အီးယူ–ဂျပန်ပူးတွဲကြေညာချက်တခုတွင်လည်း ၂၀၁၀ ရွေးကောက်ပွဲနှင့် အကူအညီပေးရေးကိစ္စကို ဆက်စပ်ထားသည်။ ဤသို့သောပြည်တွင်း အခြေအနေများနှင့်နိုင်ငံတကာရပ်တည်ချက်တို့က နအဖစစ်အာဏာပိုင်များအပေါ် သက်ရောက်နေသောဖိအား Pressure တခုဖြစ်နေပေသည်။

တတိယအချက်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေးဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ရှိနေခြင်းသည် နိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေမည်မျှ ဆိုးရွားနေသည်ကိုဖော်ပြနေသည်။ ထို့ကြောင့် ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုလှုပ်ရှားလျက်ရှိသည်။

ထိုအခြေအနေမျိုးတွင် ဒေါ်စုအား ထောင်ချရန်အနေအထားအထိ နအဖစစ်အာဏာရှင်များ ကြိုးပမ်းအားထုတ်လာကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏တုံ့ပြန်မှုများ ပိုမိုကျယ်ပြန့်များပြားလာသည်။ ဒေါ်စုကိုလွှတ်ပေးရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ လူ့အခွင့်အရေး စသည့်နည်းလမ်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကောင်အထည်ဖော်နေကြသည်။ ဤသည်မှာ နအဖအပေါ် ကျရောက်နေသည့် ဖိအား Pressure တခုဖြစ်သည်။

ထိုကဲ့သို့သောဖိအားများကို ရင်ဆိုင်နေရသည့်နအဖအား စစ်မှန်သောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာစေရန် ဟန်ချက်ညီသောလှုပ်ရှားမှုများကို ပြည်တွင်းပြည်ပအင်အားစုများက ထိရောက်စွာလုပ်ဆောင်နိုင်ရေးသည် အရေးကြီးလှသည်။

နိုင်ငံတကာအသိုင်းအဝိုင်းဆိုသည်မှာ မြန်မာ့အရေးနှင့်ပတ်သက်လျှင် (မည်သည့်အရေးကိုမဆို) ၄င်းတို့၏ကိုယ်ပိုင်အကျိုးစီးပွားနှင့် ယှဉ်တွဲကြည့်လေ့ရှိခြင်းဖြစ်သည်။ ထိုအကျိုးစီးပွားထဲတွင် စီးပွားရေး၊ နိုင်ငံရေး၊ သံတမန်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကျင့်ဝတ်သိက္ခာ၊ ဩဇာအရှိန်အဝါ စသည့်အကြောင်း အချက်များကို ထည့်သွင်းစဉ်းစားလေ့ရှိသည်။ ထို့ကြောင့် တခါတရံတွင် အကာန့်အ

တဖက်သို့

သတ်နှင့်ဖြစ်နေသော အနေအထားတွင်ရှိသည်။ ထိရောက်သင့် သလောက် မထိရောက်သည်ကို တွေ့ရသည်။

သိသာရှင်းလင်းသည့်အချက်မှာ မြောက်ကိုရီးယား၏ညျူကလီယားစမ်းသပ်မှုအပေါ် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏တုံ့ပြန်မှု၊ မြန်မာ့အရေးအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာနိုင်ငံများက မလိုက်နာပဲနေသည့်အနေအထားတွင်ရှိသည်ကို တွေ့ရသည်။ သို့သော်လည်း ထိုနိုင်ငံများမှ အာဏာရှင်များသတိထားလျက်ရှိသည့်အချက်မှာ ၎င်းတို့အား ကမ္ဘာကြီးက မျက်ခြည်မပြတ်စောင့်ကြည့်နေကြခြင်းဖြစ်သည်။

ထိုကဲ့သို့သောအခြေအနေမျိုးတွင် ကိုယ့်အရေးကို ကိုယ်တိုင်လုပ်ဆောင်ရမည်ဆိုသည့်အချက်သည် ယခုအခါ ပိုမိုအရေးကြီးလာပေသည်။ မိမိတို့ကိုယ်တိုင် တက်ကြွစွာဖြင့် လက်တွေ့လုပ်ဆောင်ခြင်းသည် ထိရောက်သောအကျိုးရလဒ်များဖြစ်ထွန်းလာစေရေးအတွက် များစွာအထောက်အကူပြုပေသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ကူညီပံ့ပိုးမှုများကို ပိုမိုရလာနိုင်သည်။ မြန်မာနိုင်ငံအပေါ်ထားရှိသောသဘောထားအပေါ် အကျိုးသက်ရောက်မှုရှိစေသည်။

ထို့ကြောင့်

(၁) အနောက်နိုင်ငံအုပ်စုများ၏ပြစ်ဒဏ်ခတ်အရေးယူမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ရေးနှင့်ပိုမိုထိရောက်လာစေရေးကို ဒီမိုကရေစီအင်အားစုများက မျက်ခြည်မပြတ် ဦးတည်ကြိုးပမ်းရမည့်အလုပ်ရှိနေသည်။

(၂) ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် နအဖအပေါ် နိုင်ငံတကာ၏ထိရောက်သော ဖိအားများကျရောက်လာစေရေးအတွက် နည်းလမ်းများရှာဖွေလုပ်ဆောင်ရန် အလုပ်ရှိနေသည်။

(၃) ၂၀၁၀ ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပမည်ဟု သန္နိဋ္ဌာန်ချထားပုံရသည့် နအဖကို ၎င်းတို့စိတ်တိုင်းကျ တဘက်သတ်လုပ်ဆောင်နိုင်ခြင်းမရှိစေရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆို သတ်မှတ်ထားသည့်အနေအထားကို နအဖကလုပ်ဆောင်လာစေရန် ပြည်တွင်း ပြည်ပမှာ ဖိအား တွန်းအား ဆွဲအားများဖြစ်ပေါ်လာစေရေးအတွက် လုပ်ဆောင်ရမည့်အလုပ်ရှိနေသည်။

(၄) ထိုမျှမက တွေ့ဆုံဆွေးနွေးမှု Dialogue ဖြစ်ပေါ်စေရေးအတွက် ဖြစ်ပျက် ပြောင်းလဲနေသောအခြေအနေများနှင့်အညီ အခွင့်အလမ်းများဖန်တီးရေးနှင့် မိမိတို့အလိုရှိသော နိုင်ငံရေးအဝန်းအဝိုင်းကို ဖန်တီးရန်အလုပ်လည်းရှိသည်။

ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့အထိမ်းအမှတ်ပွဲများလုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံတကာသိုင်းအဝိုင်းက ပိုမိုအာရုံစိုက်လာစေရန် ကြိုးပမ်းလှုပ်ရှားမှုဖြစ်သည်။ ထို့အတူ အခြားသောအထိမ်းအမှတ်နေ့များ၊ အခမ်းအနားများ၊ နှစ်ပတ်လည်နေ့များသည် နိုင်ငံရေးအရ သွယ်ဝိုက်သောလှုပ်ရှားမှုများဖြစ်သည်။ စိတ်ဓာတ်အင်အားမြှင့်တင်ရေး၊ သမိုင်းဖြစ်ရပ်များမမေ့မလျော့ရေး၊ အသိပညာ ဗဟုသုတများတိုးပွားရေးအတွက်ဖြစ်သည်။ ဤလုပ်ဆောင်ချက်များက နိုင်ငံရေးအရလှုပ်ရှားမှုများ အားကောင်းလာစေရန် အထောက်အကူပြုနေသောလုပ်ရပ်များဖြစ်သည်။

ဂျပန်ရှိမြန်မာ့ဒီမိုကရေစီလှုပ်ရှားသူများအပါအဝင် နိုင်ငံအသီးသီးသို့ရောက်ရှိ နေသောမြန်မာအင်အားစုများသည် စစ်အာဏာရှင်နအဖနှင့် ပြည်တွင်း အဓိကနိုင်ငံရေးအင်အားစုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က မြန်မာ့နိုင်ငံရေးအခြေအနေ စစ်မှန်စွာပြောင်းလဲလာရေးကို လက်တွေ့ကျကျဖော်ဆောင်လုပ်ကိုင်လာနိုင်စေရေးအတွက် မည်သို့သောနည်းလမ်းများဖြင့် ချဉ်းကပ်လုပ်ဆောင်နိုင်မည်နည်းဆိုသည်ကို တစိုက်မတ်မတ်တွေးတောနေပါက ထိရောက်သောနည်းလမ်းများကိုဖော်ဆောင်နိုင်ရေးအတွက် အကြံဉာဏ်ကောင်းများပေါ်ထွက်လာနိုင်သည်။ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသည့်စကားပုံအတိုင်းပင်ဖြစ်သည်။

နိုင်ငံရေးဆိုသည်မှာ လွန်စွာကျယ်ပြန့်သည့်အတွက် နိုင်ငံရေးလှုပ်ရှားမှုသည်လည်း နည်းလမ်းစုံရှိပေသည်။ ဆန္ဒပြလှုပ်ရှားရသည်များရှိသကဲ့သို့ လူထုဟောပြောပွဲများလုပ်ရသည်များလည်းရှိသည်၊ မိမိတို့အဖွဲ့အတွင်း ရည်မှန်းချက်တူအဖွဲ့များအချင်းချင်းဆွေးနွေးတိုင်ပင်ညှိနှိုင်းရသည်များရှိသကဲ့သို့ နည်းလမ်းရှာဖွေသုံးသပ်မှုများလည်းရှိသည်၊ လက်ရှိဖြစ်ပျက်နေသောအခြေအနေများကို ခွဲခြမ်းစိတ်ဖြာလေ့လာရသကဲ့သို့ သက်ဆိုင်ရာအာဏာပိုင်များအားစည်းရုံးဆွဲဆောင်ရသည့် Lobby လုပ်ငန်းများလည်း ရှိသည်။ ဖြစ်ပျက်နေသောအခြေအနေများကို လူအများက စိတ်ဝင်စားသတိပြုလာစေရန်လုပ်ဆောင်ရသည့်လုပ်ငန်းများရှိသကဲ့သို့လှုပ်ရှားမှုများအတွက် လိုအပ်သောငွေကြေးထောက်ပံ့မှုများပြုရန်လည်းရှိသည်။

ထိုကဲ့သို့ လုပ်ဆောင်ရန်အခြေခံများနှင့် နည်းလမ်းများကိုပေါင်းစပ်ကာလုပ်ဆောင်ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော်မည်ဆိုလျှင် အရှေ့ဘက်စစ်မျက်နှာတွင်မက တကမ္ဘာလုံးတွင် မြန်မာ့အရေးသည် ငြိမ်သက်နေမည်မဟုတ်ပဲ တိုက်ပွဲဝင်သံ၊ ထိုးစစ်ဆင်သံများဖြင့် နိုင်ငံတကာစိတ်ဝင်စားမှုနှင့်သတိပြုမှုများကို ရရှိလာနိုင်မည်ဖြစ်သည်။ ပြည်တွင်းအင်အားစု၊ ပြည်ပအင်အားစုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ဟန်ချက်ညီသောကြိုးပမ်းလှုပ်ရှားမှုသာလျှင် မြန်မာ့နိုင်ငံရေးကို စစ်မှန်သည့်ဒီမိုကရေစီသို့ ဦးတည်သောပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

---

## မစ္စတာဘန်ကီမွန်း နအဖ ခေါင်းဆောင်နဲ့တွေ့ဆုံ

**BBC၊ ဇူလိုင် ၄ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon ဟာ မြန်မာနိုင်ငံကိုမနေ့ကရောက်ရှိခဲ့ပြီးနောက် ရောက်ရောက်ချင်းမှာဘဲ နေပြည် တော်မှာ မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံဆွေးနွေး ခဲ့ပါတယ်။

Mr.Ban Ki-moon အနေနဲ့ သူဆွေးနွေးမယ်လို့ပြောထားတဲ့အချက်တွေကို အဓိကထားပြီးတော့ ဆွေးနွေးခဲ့တယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဘက်ကတော့ ကျေနပ်လောက်စရာတုန့်ပြန်မှုမျိုး မလုပ်ခဲ့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဘို့ပြောခဲ့တာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘာမှအဖြေပြန်မပေးခဲ့သလိုဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်တောင်းတဲ့အခါမှာလည်း လောလောဆယ် ဒေါ်အောင်ဆန်းစုကြည်ဟာ ရုံးတင်စစ်ဆေးခံနေရတယ်လို့ဘဲ ပြန်ဖြေခဲ့တယ်လို့ သိရပါတယ်။

ဒါပေမယ့် Mr.Ban Ki-moon ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ရရေးဟာ သူ့ခရီးစဉ်ရဲ့အဓိကအချက်တချက်ဖြစ်တဲ့အတွက် သူမြန်မာပြည်ကနေပြန်မထွက်ခွာမချင်း အဖြေရဘို့စောင့်ဆိုင်းနေအုန်းမှာဖြစ်တယ်လို့ ပြောပါတယ်။ နောက်ထပ် အဓိကထားဆွေးနွေးခဲ့တဲ့အချက်တချက်ကတော့ ရွေးကောက်ပွဲကိစ္စပါ။ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတခုကို ၂၀၁၀ မှာ ကျင်းပပေးမှာပါလို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အာမခံပြောခဲ့တယ်လို့ ဆိုပါတယ်။

ဘယ်လိုနည်းနဲ့လွတ်လပ်မျှတတဲ့ရွေးကောက်ပွဲကို အာမခံချက်ပေးမယ်ဆိုတာမျိုးကိုတော့ မသိရသေးပါဘူး။ Mr.Ban Ki-moon ဟာ ဒီနေ့မနက် ဗိုလ်ချုပ်ကြီးသန်းရွှေနဲ့ထပ်ပြီးတွေ့ဆုံဘို့ရှိပါသေးတယ်။ ဒီနေ့တွေ့ဆုံတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့် ရ မရ အဖြေထွက်လာဘို့ရှိပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟာ နိုင်ငံတကာရဲ့စိုးရိမ်ပူပန်မှုတွေကို ကိုယ်စားပြုသယ်ဆောင်လာသူဖြစ်လို့ Mr.Ban Ki-moon ရဲ့တောင်းဆိုချက်ကို အလေးအနက်ထားပြီးစဉ်းစားလိမ့်မယ်လို့ တချို့က အကောင်းအမြင်နဲ့သုံးသပ်ကြပေမယ့် တချို့ကတော့လည်း မြန်မာအစိုးရဟာ နိုင်ငံတကာရဲ့သဘောထားကို သိပ်ဂရုစိုက်တာမဟုတ်လို့ ဘာရလာဒ်ကောင်းမှာထွက်ပေါ်လာမှာမဟုတ်ဘူးလို့ ဝေဖန်သုံးသပ်နေကြပါတယ်။

သေချာတာတခုကတော့ ဒီခရီးစဉ်ဟာ နိုင်ငံတကာနဲ့မြန်မာအစိုးရရဲ့ဆက်ဆံရေးမှာ အလွန်အရေးပါတဲ့ခရီးစဉ်တခုဖြစ်သလို မြန်မာပြည်သူအများကလည်း အထူးစိတ်ဝင်စားစောင့်ကြည့်နေတဲ့ ခရီးစဉ်တခုဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်အား ဟန်ပြရုံးတင်စစ်ဆေးမှု ရက်ချိန်းပြောင်း

**NEJ | ဂျူလိုင် ၃ ။** ။ ဒေါ်အောင်ဆန်းစုကြည်တို့အား ရုံးတင်စစ်ဆေးနေသော အင်းစိန်ထောင်အထူးတရားရုံး တရားခွင်ကို ယနေ့နံနက် ၁၀ နာရီတွင်စတင်ခဲ့ပြီးနောက် ဂျူလိုင် ၁၀ ရက်နေ့သို့ ပြောင်းရွှေ့ချိန်းဆိုလိုက်ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ကပြောပါတယ်။

"ဒီနေ့က ဒေါ်ခင်မိုးမိုးကိုစစ်မေးရမှာ မမေးဖြစ်ဘူးလို့ကြားတယ်။ ဦးဥာဏ်ဝင်းတို့ပြန်လာရင်တော့ ပြည့်ပြည့်စုံစုံသိရမယ်။ အခုသေချာတာကတော့ ၁၀ ရက်နေ့ကိုရုံးချိန်းပြောင်းလိုက်တယ်။" လို့ ဦးအုန်းကြိုင်ကပြောပါတယ်။ နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်နိုင်ငံသား Mr.Yettaw နေအိမ်အတွင်းဝင်ရောက်ခဲ့မှုအတွက် နအဖ စစ်အစိုးရက မေ ၁၈ ရက်မှာ နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှု ပုဒ်မ ၂၂ နဲ့ အင်းစိန်အထူးတရားရုံးမှာ တရားစွဲဆိုခဲ့တာပါ။

ထိုနောက် တရားရုံးတွင် အာဏာပိုင်များဘက်မှ တရားလိုပြသက်သေ ၂၃ ဦးတင်သွင်းခဲ့ရာ တရားရုံးက ၁၅ ဦးရဲ့ထွက်ဆိုချက်ကို ရယူခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်က တင်ပြတဲ့သက်သေ ၄ ဦးအနက် ၃ ဦးကို အင်းစိန်ထောင်အထူးတရားရုံးက ပယ်ချခဲ့တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေများက ပြင်ဆင်ခွင့်အတွက် ရန်ကုန်တိုင်းတရားရုံးကို ဂျွန်လ ၂ ရက်တွင် အယူခံတင်သွင်းခဲ့ရာမှစ၍ အင်းစိန်ထောင်အထူးတရားခွင်ရုံးချိန်းများကို တလလုံးလုံးရွှေ့ဆိုင်းပေးနေခဲ့ရခြင်း ဖြစ်ပါတယ်။

သက်သေပြင်ဆင်ခွင့်အယူခံအတွက် ဗဟိုတရားရုံးအထိရောက်ခဲ့ပြီး ဗဟိုတရားရုံးက ဂျွန် ၂၉ ရက်တွင် အယူခံကိုပယ်ချလိုက်ရာ အင်းစိန်ထောင်အထူးတရားရုံးက ယနေ့တရားခွင်တွင် ရန်ကုန်တိုင်းတရားရုံးက ထပ်မံခွင့်ပြုခဲ့သောသက်သေ ဒေါ်ခင်မိုးမိုးကို စစ်မေးရမှာဖြစ်ပါတယ်။ ယနေ့အင်းစိန်ထောင်အထူးတရားခွင်ရုံးချိန်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon ခရီးစဉ် တိုက်ဆိုင်နေတဲ့အတွက် တရားခွင်ရုံးချိန်းပြောင်းရွှေ့ခြင်းလည်း ဖြစ်နိုင်တယ်လို့ ရန်ကုန်နိုင်ငံရေးအသိုင်းအဝိုင်းက ပြောဆိုပါတယ်။

Mr.Ban Ki-moon ဟာ မြန်မာ့နိုင်ငံရေးပြဿနာများ ပြေလည်စေရေးအတွက် မြန်မာနိုင်ငံသို့ရောက်ရှိနေရာ နအဖ စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီ ၁၀ ခုနှင့်လည်း တွေ့ဆုံညှိနှိုင်းသွားမည်ဖြစ်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံခရီးမစတင်မီ ဂျပန်နိုင်ငံတွင်ရှိနေစဉ်ကပင် ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန် ဒုတိယအကြိမ်မြောက် တောင်းဆိုထားပါတယ်။

## အင်းစိန်ထောင်ရှေ့လုံခြုံရေးယခင်ထက်ထူထပ်စွာချထား

**NEJ | ဂျူလိုင် ၃ ။** ။ အင်းစိန်ထောင်အထူးတရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်အမှုကို ယနေ့ရုံးချိန်းထုတ်တဲ့အတွက် ထောင်ရှေ့နဲ့ပတ်ဝန်းကျင်တဝိုက်မှာ လုံခြုံရေးထူထပ်စွာချထားကြောင်း ကိုယ်တိုင်သွားရောက်ခဲ့သူတဦးက ပြောပါတယ်။

"လုံခြုံရေးချထားတာ အရင်ရုံးချိန်းတွေတုန်းကထက် အဆပေါင်းများစွာများတယ်။ အင်းစိန်ဂုံးတံတားကိုရောက်ရင် ဂုံးကျော်တံတား မျက်နှာချင်းဆိုင်လမ်းမှာ လုံထိန်းရဲကား ၆ စီးနဲ့ စစ်ကား ၁ စီး အစဉ်သင့်ရပ်ထားတယ်။ အရင်က ဒီလိုအပြင်ဘက်ကျတဲ့နေရာမှာ ဘာမှမရှိဘူး။ အခု ချထားတယ်။ နောက် ဂုံးကျော်တံတားထိပ်ကိုလည်း အရင်လိုဘဲ ကားအဝင်ပိတ်ထားပြီး ကားတွေအခြားဘက်ကလှည့်မောင်းရတယ်။ အဝင်ဂိတ်မှာ ရဲပိုင်းလက်စ်ကား ၂ စီး အစဉ်သင့်ရပ်ထားပြီး ရဲတွေရော၊ ရဲမေတွေရော နေရာယူထားတယ်။ ဂုံတံတားဂိတ်ကိုတော့ လူတွေလမ်းလျှောက်လို့ရအောင်တော့ ဖွင့်ထားပေးတယ်။ နောက် ဂုံးကျော်တံတားအဆင်းမှာလည်း သံဆူးကြိုးတွေထပ်ချထားပြီး လူသွားလမ်းလေးဘဲဖွင့်ထားပေးတယ်။ ဘေးမှာရဲတွေအစဉ်သင့်စောင့်ကြည့်နေတယ်။ ရဲကား ၂ စီးအစဉ်သင့်ရပ်ထားတယ်။" လို့ပြောပါတယ်။

ထို့အပြင် မီးသတ်စခန်းတွင် လုံထိန်းရဲကား ၆ စီးအစဉ်သင့်ရပ်ထားကာ အင်းစိန်ဈေးရှေ့မှ ထောင်ဘူးဝဘက်သွားတဲ့လမ်းကို သံဆူးကြိုးများနဲ့ပိတ်ကာထားပြီး လုံထိန်းရဲကား ၄ စီးက လူများစုနေတဲ့နေရာအနီးမှာ ကပ်ရပ်ထားတယ်လို့ အဆိုပါမျက်မြင်ကဘဲပြောပြပါတယ်။

"အဲဒီနေရာမှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို လာအားပေးတဲ့လူတွေ အယောက် ၁၀၀ ဝန်းကျင်လောက်စုပြီးထိုင်နေတာတွေ့ရတယ်။ နောက် လုံထိန်းတွေက ခါတိုင်းလိုကားပေါ်မှာမနေဘဲ လူတွေအနား ၁၀ ပေလောက်အကွာမှာ အစုလိုက်နေရာယူထားတယ်။ ကားပေါ်မှာ ဒိုင်းတွေတင်ထားပြီး လုံထိန်း ၁ ယောက် ၂ ယောက်လောက်ဘဲ ကားပေါ်မှာစောင့်နေတယ်။ တခုခုဖြစ်တာနဲ့ လက်တကမ်းအကွာ ချက်ချင်းဖမ်းလိုက်ရုံဘဲ၊ အဲဒီလောက်ကိုနီးတယ်။" လို့ပြောပါတယ်။

လမ်းသွယ်တွေထိပ်မှာလည်း သံဆူးကြိုးခုန်များနဲ့ ရဲများကိုခပ်စိတ်စိတ်ချထားပြီး ထောင်ဘူးဝရဲ့အခြားတဘက် ပေါက်တောဝဘက်မှာလည်း လုံထိန်းရဲကားများချထားကြောင်းသိရပါတယ်။ "ခြုံပြီးပြောရရင်တော့ အင်းစိန်ရှေ့ လမ်းကျဉ်းကျဉ်းလေးကို အဘက်ဘက်ကပိတ်ဆို့ထားပြီး လူ ၁၀၀ ကျော်လောက်ကို လုံခြုံရေး ၁,၀၀၀ လောက်က အထပ်ထပ်စောင့်ကြည့်နေတဲ့သဘော တွေ့ရတယ်။" လို့ အင်းစိန်ထောင်ရှေ့သွားခဲ့သူ မျက်မြင်တဦးကပြောပြသွားတာပါ။

## ဒေါ်အောင်ဆန်းစုကြည်အမြန်လွှတ်မြောက်ရေး နိုဘဲလ်ငြိမ်းချမ်းရေးအမျိုးသမီးခေါင်းဆောင်များတောင်းဆို

**RFA | ဂျူလိုင် ၂ ။** ။ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon ဂျူလိုင် ၃ ရက်နေ့ရောက်တဲ့အခါ အင်းစိန်ထောင်အတွင်း အထိန်းအသိမ်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည် အမြန်ပြန်လွှတ်ရေးကိစ္စကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ပေးဖို့ ကမ္ဘာတလွှားမှာရှိတဲ့ အမျိုးသမီးငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်တွေ အပါအဝင် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် စုစုပေါင်း ၆၀ ကျော် က 64forSuu.org အင်တာနက်စာမျက်နှာကတဆင့် ဂျူလိုင် ၂ ရက် ဒီကနေ့မှာ တောင်းဆိုလိုက်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး Burma Campaign UK အဖွဲ့တာဝန်ခံ Mark Farmaner ရှင်းပြတာက နိုင်ငံတကာမှာထင်ရှားတဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်တွေ ရုပ်ရှင်မင်းသမီးတွေ၊ အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်တွေက ဒေါ်အောင်ဆန်းစုကြည်အမြန်ပြန်လွှတ်ဖို့ Mr.Ban Ki-moon အနေနဲ့ လုပ်ဆောင်ပေးရေးကို တောင်းဆိုလိုက်ကြတာပါ။ အဲဒီလို ထင်ရှားတဲ့အမျိုးသမီးခေါင်းဆောင်တွေထဲမှာ Jody Williams နဲ့ Wangaari Mathai လို ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်တွေ ပါဝင်သလို၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Christine Lagarde ၊ ဂရိနိုင်ငံခြားရေးဝန်ကြီး Dora Bakoyannis တို့လို ပုဂ္ဂိုလ်တွေလည်းပါဝင်ကြောင်း၊ ဒါ့အပြင် မြန်မာ့နိုင်ငံရေးလှုပ်ရှားသူတွေထဲက အမျိုးသမီးခေါင်းဆောင်တွေလည်း စုပေါင်းပါဝင်တောင်းဆိုကြကြောင်း Mark Farmaner ကပြောဆိုပါတယ်။

အဆိုပါ အမျိုးသမီးခေါင်းဆောင်တွေက 54forSuu.org အင်တာနက်စာမျက်နှာမှာ ဖော်ပြထားတဲ့ သတင်းစကားထဲမှာတော့ သူတို့တွေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူရှိနေကြပြီး ဒေါ်အောင်ဆန်းစုကြည် ပြန်မလွှတ်မချင်း ဆက်လက်လှုပ်ရှားတောင်းဆိုသွားကြမယ့်အကြောင်း ရေးသားဖော်ပြထားပါတယ်။ 64dorSuu.org ဆိုတဲ့ အင်တာနက်စာမျက်နှာမှာ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ပိုင်းဝန်းတောင်းဆိုသူ စုစုပေါင်း ၁၆,၀၀၀ ရှိသွားပြီလို့သိရပါတယ်။

အဆိုပါ 64forSuu.org ဆိုတဲ့အင်တာနက်စာမျက်နှာကို မေလ ၂၆ ရက်နေ့က စတင်ခဲ့တာဖြစ်ပြီး ဗွီဒီယိုသတင်းစကားအပါအဝင် စာရေးသားတောင်းဆိုမှုတွေ၊ ဓာတ်ပုံနဲ့သတင်းစကားပေးဖို့ ဖော်ပြတာတွေရှိကြောင်း တွေ့ရပါတယ်။

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

# သတင်းပြက္ခဒိန်

**ဇွန် ၃၀၊ RGN ။ ။** ဒေါ်အောင်ဆန်းစုကြည်ဖက်မှ သက်သေ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့အား တရားရုံးချုပ်မှ သက်သေအဖြစ်တင်ခွင့်မပြုခဲ့ကြောင်း။

**ဇွန် ၃၀၊ Yomiuri ။ ။** မြန်မာသို့ဝေဟင်ပစ်ဒုံးပျံစနစ်တွင် အသုံးဝင်နိုင်သည့် သံလိုက်တိုင်းကရိယာကို မြန်မာသို့ပို့မှုဖြင့် ဂျပန်ရဲသည် လူသုံးဦးအားဖမ်းထားကြောင်း။

**ဇွန် ၃၀၊ UN ။ ။** မြန်မာသည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်သင့်ကြောင်း မြန်မာသို့သွားမည့် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းမှဆို၏။

**ဇွန် ၃၀၊ DVB ။ ။** အရှင်ဂမ္ဘီရ၏အမှု လျှောက်လဲချက်ကို ခရိုင်ရုံးမှပယ်ချကြောင်း။

**ဂျူလိုင် ၁၊ TKY ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်ရန် နအဖ အား ပိုမိုဖိအားပေးရန် ဂျပန်ရောက်မြန်မာ့ဒီမိုကရေစီအင်အားစု ၁၀၀ ဦးခန့်သည် မြန်မာတွင် သိသာမြင်သာရှိသောပြုပြင်ပြောင်းလဲမှုမမြင်မချင်း မြန်မာသို့မသွားဟုပြောခဲ့ဘူးသော ဂျပန်ရောက် ဘန်ကီမွန်းအား ဆန္ဒပြတိုက်တွန်းတောင်းဆို၏။

**ဂျူလိုင် ၁၊ NY ။ ။** ဘန်ကီမွန်းသည် နိုင်ငံရေးအကျဉ်းသားများ၊ ရွေးကောက်ပွဲ၊ ဆွေးနွေးမှု၊ လူနည်းစုအရေးတို့တွင်မလျှော့ရန် Human Rights Watch မှ သတိပေး၏။

**ဂျူလိုင် ၁၊ DVB ။ ။** စစ်လက်နက်နှင့်နည်းပညာများ တရားမဝင်တင်၍ မြန်မာသို့သွားနေသည်ဟု သံသယဖြစ်နေရသော မြောက်ကိုရီးယားသင်္ဘော Kang Nam 1 သည် လာရာလမ်းသို့ပြန်လှည့်သွားကြောင်း အမေရိကန်ကာကွယ်ရေးဌာနမှဆို၏။

**ဂျူလိုင် ၁၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံကင်ပိန်း အောင်မြင်ကာ ဓာတ်ပုံမလောက်၍ အဲန်အဲယ်လ်ဒီအဖွဲ့ ချုပ်မှ ကူညီရန် မိတ္ထီလာအဲန်အဲယ်လ်ဒီမှဆို၏။

**ဂျူလိုင် ၁၊ Huffington Post ။ ။** ဘန်ကီမွန်းသည် မြန်မာခရီးစဉ်အောင်မြင်မည်ဟုထင်သော်လည်း အောက်မြင်မှုမရှိနိုင်ဟု Bertil Lintner မှ ကြိုတင်သုံးသပ်၏။

**ဂျူလိုင် ၁၊ Gulf Times ။ ။** ရုရှားသည် မြန်မာ့လူ့အခွင့်အရေးအတွက်ပြောဆိုသင့်ပြီး နအဖ ဘက်တဖက်သတ်လိုက်နေမသင့်တော့ကြောင်း လန်ဒန်ခြေစိုက် ကူကီပိုရမ်မှ Nehginpao Kipgen မှ သုံးသပ်၏။

**ဂျူလိုင် ၁၊ Huffington Post ။ ။** မိမိတို့၏သင်္ဘောအား တက်ရောက်စစ်ဆေးသူအား စစ်ရေးအရအရေးယူမည်ဟု မြောက်ကိုးရီးယားမှဆို၏။ ထိုနောက် မြန်မာသို့ ဦးတည်နေသည်ဟုယူဆရသော ထိုသင်္ဘောသည် လာလမ်းအတိုင်းပြန်လှည့်သွားခဲ့ကြောင်း အမေရိကန်မှဆို၏။

**ဂျူလိုင် ၁၊ Financial Times ။ ။** မြန်မာသို့ခေတ်မီအဆင့်မြင့်လက်နက်လုပ်ကရိယာများ ပို့မှုဖြင့် ဂျပန်တွင် လူ ၃ ဦးဖမ်းပြီး မြန်မာသို့မြောက်ကိုးရီးယား၏လက်နက်ပို့မှု ကွန်ယက်တခုဟု ယူဆနေကြကြောင်း။

**ဂျူလိုင် ၁၊ Irrawaddy ။ ။** မယ်လဒုက္ခသည်စခန်းမှဒုက္ခသည်များသည် ဒီကေဘီအေမှ မိမိတို့စခန်းကို မီးရှို့မည်ကို စိုးရိမ်နေကြ၏။

**ဂျူလိုင် ၁၊ Sydney Morning Herald ။ ။** ဖိနှိပ်မှု၊ ရက်စက်မှု၊ နှိပ်စက်မှုများအကြားမှ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာစင်သီယာမှစ၍ မြန်မာအမျိုးသမီးများသည် သတ္တိရှိရှိ၊ သိက္ခာရှိရှိတုန့်ပြန်ကြောင်း ၂၀၀၈တွင် ထိုင်းရှိဒုက္ခသည်စခန်းနှင့် စင်သီယာဆေးခန်းရောက် သမတ ကတော်ဟောင်းလောရာဘုရှ်မှရေးသား၏။

**ဂျူလိုင် ၂၊ Straights Times သတင်းစာအာဘော် ။ ။** ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းသည် မြန်မာခရီးစဉ်တွင် အောင်မြင်မှုပြသင့်ပြီး မိမိအရည်အသွေးနှင့် ကုလ၏ အရေးပါပုံကို သက်သေပြသင့်သည်။

**ဂျူလိုင် ၂၊ YOKOHAMA ။ ။** တိုကျိုဘိုးအဲကိကုမ္ပဏီသည် မြန်မာသို့ ခေတ်မီသိပ္ပံပစ္စည်းများအပြင် လက်နက်အဖြစ်ပြုပြင်ပြောင်းလဲသုံးနိုင်သည့် ပစ္စည်းများလည်း ပို့ခဲ့ကြောင်း ဂျပန်ရဲမှဆို၏။ ကုမ္ပဏီပိုင်ရှင် Keiko Ri အား ရဲမှဖမ်းထားကြောင်း။

**ဂျူလိုင် ၂၊ Irrawaddy ။ ။** အမေရိကန်ပြည်ထောင်စုသည် Namchongang Trading Co.နှင့် အခြားမြောက်ကိုးရီးယားကုမ္ပဏီ ၁ ခု (တခုမှာ မြန်မာတွင် လက် နက်ပြုလုပ်မှုနှင့်ဆက်စပ်နေ၏) အပေါ် ယနေ့အရေးယူပိတ်ပင်မှုပြုခဲ့၏။

**ဂျူလိုင် ၂၊ Irrawaddy ။ ။** မလေးရှား Kajang မြို့နယ် Semenyih လူဝင်မှုစခန်း ရှန်းရင်းဆံခတ်မှုတွင် မြန်မာ ၈ ဦးဒဏ်ရာရခဲ့ကြောင်း။

**ဂျူလိုင် ၂၊ CHIANG MAI, Mizzima ။ ။** မြန်မာမှရိုဟင်ဂျာတဦးအား နိုင်ငံကူးစာရွက်စာတမ်းတုပြုမှုဖြင့် ထိုင်းရဲမှဖမ်းဆီးခဲ့၏။

**ဂျူလိုင် ၂၊ DVB ။ ။** ရေကြောင်းဖြင့်ပို့လျှင် နောက်ယောင်ခံလိုက်ခြင်းရှောင်ရန် မြောက်ကိုးရီးယားသည် မြန်မာသို့လက်နက်နှင့် အခြားတားမြစ်ပစ္စည်းများ ကုန်းလမ်းဖြင့်ပို့ခဲ့ကြောင်း တောင်ကိုးရီးယားသတင်းစာမှ ယမန်နေ့ကဆို၏။

**ဂျူလိုင် ၂၊ Jakarta Post ။ ။** ဂျာကာတာရှိ ဗြိတိန်သံရုံးသည် မြန်မာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားများအခြေအနေကို တင်ပြ၍ရန် ဒေါ်အောင်ဆန်းစုကြည်ပုံစလိုက်ကို ဂျူလိုင် ၁ မှ ၄ ညနေများမှစ၍ ဂျာကာတာမြို့လည်လူစည်ကားလမ်းဆုံတွင်  မီးမောင်းထိုးပြသထားမည်။

**ဂျူလိုင် ၂၊ DVB ။ ။** မလေးရှားနိုင်ငံ၊ စမုန်ညင်း ထိန်းသိမ်းရေးစခန်းတွင် ယမန်နေ့က အာဏာပိုင်များနှင့်အကျဉ်းသားများ အဓိကရုဏ်းဖြစ်၍ မျက်ရည်ယိုဗုံးသုံးခဲ့ကြောင်း။

**ဂျူလိုင် ၂၊ UN,DVB ။ ။** စစ်အစိုးရ၏နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးကိုလက်မခံနိုင်ကြောင်း ငြိမ်းချမ်းရေးအဖွဲ့များမှ ယမန်နေ့က ထပ်မံဆွေးနွေးကြကြောင်း။

**ဂျူလိုင် ၂၊ DVB ။ ။** ရေနံစိမ်းအိတ်ပျောက်ဆုံးမှုအတွက် ရဲမှအပြစ်မဲ့ရွာသား ၃ ဦး ရွာသူတဦးတို့အား ရက်ရက်စက်စက် ရိုက်နှက်နှိပ်စက်ခဲ့ကြောင်း၊ ခြေထောက်များကိုတုံးနှင့်နင်းပြီးရိုက်ခြင်း၊ ယောက်ျားအင်္ဂါပေါ်ကို ဖယောင်းစက်ချခြင်း၊ မျက်လုံးပိတ်၍ အကြမ်းနည်းစုံသုံးရိုက်ခြင်းများ ပြုခဲ့ကြောင်း ကာယကံရှင်များမှဆို၏။

**ဂျူလိုင် ၃၊ SPR ။ ။** မြန်မာခရီးစဉ်သည်ခက်ခဲလင့်ကစား နအဖ ထံမှ အဖြေတခုခုရလာရန် မိမိတတ်စွမ်းသ၍ကြိုးပမ်းမည်၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်ရ မရလည်း မသိသေးဟု မြန်မာသို့အသွား စင်္ကာပူတွင်ဘန်ကီမွန်းမှဆို၏။

**ဂျူလိုင် ၃၊ UN ။ ။** ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်အဖွဲ့ သည် မြန်မာသို့ ၂ ရက်နေ့တွင်ရောက်ရှိ၏။

**စာမျက်နှာ ၁၀ သို့**

# အတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံခရီးစဉ်အပေါ် ဝေဖန်သုံးသပ်ချက်များ

**DVB၊ ဂျွန် ၃၀။** ။ ကုလသမဂ္ဂထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီးမွန်းဟာ မြန်မာနိုင်ငံကို လာမယ့်သောကြာနေ့မှာ ရောက်ရှိမှာဖြစ်ပြီး သူ့ရဲ့ခရီးစဉ်ဟာ ၂ ရက်သာ ကြာမှာဖြစ်ပါတယ်။ သူ့ရဲ့ခရီးစဉ်မှာ ကုလသမဂ္ဂနဲ့နိုင်ငံတကာက စိုးရိမ်မှုဖြစ်နေတဲ့ ကိစ္စတွေနဲ့ပတ်သက်လို့မြန်မာထိပ်တန်းခေါင်းဆောင်တွေနဲ့ တိုက်ရိုက်ပြောဆိုခွင့်ရဖို့ မစ္စတာဘန်ကီမွန်းအနေနဲ့ မျှော်လင့်ထားတယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အရေးကြီးတဲ့ ကိစ္စ ၃ ခု ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့၊ အစိုးရနဲ့အတိုက်ခံအကြား တွေ့ဆုံဆွေးနွေးမှုပြန်စဖို့၊ စစ်မှန်တဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အခြေအနေတွေ ဖန်တီးဖို့တွေကိုလည်း မဖြစ်မနေ ဖြေရှင်းရမယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယူဆထားပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အခုလို ၂ ရက်တာ အချိန်အတွင်း မြန်မာ့နိုင်ငံရေးပြဿနာတွေ ဖြေရှင်းနိုင်ပါ့မလား၊ တွေ့သင့်သူတွေကို တွေ့နိုင်ပါ့မလားဆိုတာတွေနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးဝင်းတင်က ပြောပါတယ်။

"ဒီဟာက သူ တောင်းဆိုရမှာပေါ့။ သူ့ပေါ်မှာ မူတည်တာပဲ။ သူ အနည်းဆုံး ဒေါ်အောင်ဆန်းစုကြည်၊ အန်အယ်လ်ဒီ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တွေ့ရမယ်ဗျာ။ စစ်အုပ်စုနဲ့တွေ့ဖို့ တရက် အချိန်ပေးနိုင်ရင် ကျန်တဲ့ နိုင်ငံရေးအင်အားစုတွေ၊ ကျနော်တို့တွေနဲ့ တွေ့ခွင့်တော့ သူ နည်းလမ်းရှာရမှာပေါ့။ အဲ့လိုမဟုတ်ဘဲနဲ့ မြန်မာပြည်လာပြီး စစ်အုပ်စုနဲ့ လက်ဝါးချင်းရိုက်သွားလို့ကတော့ ဘာမှအဓိပ္ပာယ်မရှိတဲ့ ခရီးစဉ်လို့ပြောရမှာပဲ။ အခုထိ မသိရသေးတဲ့အတွက် မပြောချင်ပါဘူး။ သေချာတာတခုက သူ မြန်မာပြည်လာရင် စစ်အုပ်စုနဲ့တွေ့သလို နိုင်ငံရေးပြဿနာတွေ အထူးသဖြင့် အခြေခံဥပဒေပြဿနာကို သူကိုင်တွယ်ဖြေရှင်းရမယ်။"

မစ္စတာဘန်ကီရဲ့ခရီးစဉ်မှာ အဖွဲ့ချုပ်အပါအဝင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပါတွေ့မှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြောတဲ့ အချက် ၃ ချက်ကို ပြေလည်အောင် ဖြေရှင်းနိုင်မှာလို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။ မစ္စတာ ဘန်ကီမွန်းနဲ့တွေ့ခွင့်ရမယ်ဆိုရင် ဘာတွေများ ပြောဆိုဆွေးနွေးမလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

"မစ္စတာ ဘန်ကီမွန်း လိုချင်တဲ့ အချက်သုံးချက် ပြည့်စုံဖို့ဆိုရင် ကျနော်တို့ ဒီဥစ္စာကို ညှိနှိုင်းဆွေးနွေးမယ်။ ဘာပြောမလဲဆိုတာကို ကြိုပြီးပြောဖို့ အတော်ခဲယဉ်းပါတယ်။ တဖက်ကလာတဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့မှသာ ညှိနှိုင်းပြောဆိုရမယ့်ကိစ္စဖြစ်တဲ့အတွက် ကျနော်က စကားဦးသမ်းတဲ့ အနေနဲ့ ပြောလို့ မရသေးဘူး။"

မစ္စတာ ဘန်ကီမွန်းရဲ့ ဒီ ခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ချုပ်နဲ့တွေ့သင့်သလို တိုင်းရင်းသားခေါင်းဆောင်တွေနဲ့လည်းတွေ့သင့်တယ်လို့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ စီအာပီပီရဲ့အတွင်းရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။ ဒါပေမယ့် ဘန်ကီမွန်းရဲ့ခရီးစဉ်ဟာ မြန်မာနိုင်ငံရေးအခြေအနေကို သိပ်ပြီးတော့ ထူးထူးခြားခြား ပြောင်းလဲစေမှာမဟုတ်ဘူးလို့လည်း ဦးအေးသာအောင် က ပြောပါတယ်။

"အရင်အရင် ကုလသမဂ္ဂရဲ့ ကိုယ်စားလှယ်တွေလာခဲ့တယ်။ လူတွေပြောင်းသွားတယ်။ မြန်မာနိုင်ငံအတွက် စောစောကပြောတဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဘာမှရလဒ်တွေမရခဲ့ပါဘူး။ ဘန်ကီမွန်းရောက်လာမယ်ဆိုရင်လည်း သိပ်ပြီး ထူးခြားတဲ့နိုင်ငံရေးအပြောင်းအလဲတခု ဖြစ်နိုင်မယ်လို့ကျနော့်အနေနဲ့ မမျှော်လင့်ဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် နိုင်ငံရေးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အကျဉ်းချထားတာတွေ၊ ကျောင်းသားခေါင်းဆောင်တွေကို လွှတ်အောင်လုပ်ပြီးတော့ ဘယ်လိုအဆင့်မှာပဲဖြစ်ဖြစ် တွေ့ဆုံဆွေးနွေးရေးကို စတင်နိုင်မယ်ဆိုရင် ကောင်းမယ်လို့ပဲပြောချင်ပါတယ်။"

မစ္စတာ ဘန်ကီမွန်းရဲ့ ခရီးစဉ်ဟာ အလွန်တိုတောင်းတဲ့အတွက် မြန်မာ့အရေးပြဿနာကို ဖြေရှင်းနိုင်ဖို့ တွေ့သင့်တွေ့ထိုက်သူတွေနဲ့ မတွေ့လိုက်ရမှာကို စိုးရိမ်တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ အေအေပီပီဘီရဲ့ တွဲဘက် အတွင်းရေးမှူး ကိုဘိုကြည်က ပြောပါတယ်။

"ဘန်ကီမွန်းရဲ့ ခရီးစဉ်မှာတော့ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး၊ အကျဉ်းသားလွှတ်မြောက်ရေးကို အဓိကထားတယ်လို့ပြောတာရှိပါတယ်။ ဒီအပေါ်မှာတော့ ကျနော်တို့ ဝမ်းသာတယ်၊ ကြိုလည်း ကြိုဆိုပါတယ်၊ ကျနော်တို့ စိုးရိမ်တာက သူ့ရဲ့ခရီးစဉ်က အင်မတန်တိုတောင်းလွန်းအားကြီးတယ်၊ တိုတောင်းတဲ့ကာလအတွင်းမှာ မြန်မာနိုင်ငံရဲ့နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ လူဘယ်လောက်များများနဲ့တွေ့နိုင်မလဲ၊ တွေ့ခွင့်ရမလဲဆိုတာက အဓိကအရေးကြီးလာတယ်။ ဒီအပေါ်မှာတော့ အချိန်မလောက်မငှဖြစ်မှာကို တော်တော်လေး စိုးရိမ်မိတယ်။ အချိန်မလောက်လို့ မတွေ့နိုင်ရင် တာကယ့်လူတွေရဲ့ ခံစားနေရတဲ့ခံစားမှုတွေကို သိမှာမဟုတ်ဘူး။ ဖြေရှင်းနိုင်ဖို့ ပိုခက်မယ်လို့ ကျနော်တို့ ထင်တယ်။"

ကုလသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းကတော့ မြန်မာ့အရေးတွေ ပြေလည်စေဖို့ နအဖအနေနဲ့ ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ပြောပါတယ်။

"အထွေထွေအတွင်းရေးမှူးချုပ် အနေနဲ့ ပြီးခဲ့တဲ့နှစ်က အထွေထွေညီလာခံမှာတင်ထားခဲ့တဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့အစီရင်ခံစာမှာ ပြောထားပါတယ်။ နိုင်ငံတခုမှာ ရွေးကောက်ပွဲ လုပ်လိုက်ရုံနဲ့ နိုင်ငံတခုရဲ့ နိုင်ငံရေးပြဿနာဖြေရှင်းသွားမယ်လို့ ကံသေကံမ ပြောလို့မရဘူး။ ရွေးကောက်ပွဲတွေဟာ နိုင်ငံတခုရဲ့အဖြေဖြစ်နိုင်သလို နိုင်ငံတခုတည်း၊ အဖွဲ့အစည်းတခုတည်းမှာ ပိုပြီးတော့ ကွဲပြားမှုတွေဖြစ်စေနိုင်တယ်။ နိုင်ငံရေး မတည်ငြိမ်မှုတွေ ဖြစ်စေနိုင်တယ်။ အထူးသဖြင့် အဲ့ဒီရွေးကောက်ပွဲတွေဟာ အင်အားစုအားလုံးရဲ့ သဘောတူညီချက်မျိုးနဲ့ လုပ်တာမျိုးမဟုတ်ဘဲ အဖွဲ့အစည်းတခု၊ လူပုဂ္ဂိုလ် တယောက်ကနေပြီး အတင်းအကျပ်လုပ်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တရပ်ဖြစ်မယ်ဆိုရင် ပိုပြီးမတည်ငြိမ်မှုတွေဖြစ်စေတယ်လို့ သတိပေး ထားတာတွေလည်း ရှိပါတယ်။ ဒါတွေကို နအဖခေါင်းဆောင်တွေအနေနဲ့ ဂရုပြုပြီး နိုင်ငံရေးအဖြေရှာနိုင်ရေးအတွက် အထွေအထွေအတွင်းရေးမှူးချုပ်နဲ့ ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ ကျနော်တို့မြင်ပါတယ်။"

မစ္စတာ ဘန်ကီမွန်း မြန်မာပြည်ကို လာမယ့် သောကြာနေ့ဟာ စစ်အုပ်စုက နေအိမ်အကျယ်ချုပ်ချထားဆီးမိန့်ကို ဖောက်ဖျက်မှုနဲ့ စွပ်စွဲတရားစွဲဆိုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရားခွင်ကြားနာမယ့်နေ့လည်း ဖြစ်ပါတယ်။ မစ္စတာ ဘန်ကီမွန်းဟာ ၂၀၀၈ မေလတုန်းက မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်လာရောက်ခဲ့ပြီး နာဂစ်မုန်တိုင်း ဒုက္ခသည်တွေနဲ့ပတ်သက်လို့ နိုင်ငံတကာက အကူညီပေးနိုင်ရေးကိစ္စ လာရောက်ဆွေးနွေးခဲ့တာပါ။ အခုခရီးစဉ်က နိုင်ငံရေးပြဿနာတွေနဲ့ ပတ်သက်ပြီး လာတာဖြစ်လို့ အများက စိတ်ဝင်တစား ရှိနေတာတွေ့ရပါတယ်။

---

### ပြက္ခဒိန်မှ

**ဂျူလိုင် ၃၊ AsiaTimes ။** ။ တရုတ်၏မိတ်ဆွေ စစ်အုပ်ချုပ်ရေးအဖွဲ့ (မြောက်ကိုးရီးယား)သည် မြန်မာသို့ အနုမြူနှင့်အခြားလက်နက်များပို့ခြင်း၊ မြေနက်လိုဏ်ဂူ တူးခြင်းများပြုလုပ်နေခြင်းသည် အရှေ့တောင်အာရှ၏ လုံခြုံရေးကိုနှောင့်ယှက်ပြီး၊ တရုတ်ကိုလည်းဒေါသထွက်စေကြောင်း။

**ဂျူလိုင် ၃၊ ReliefWeb ။** ။ မလေးရှားရှိထိုင်ဝမ်မှ ဇူချီစေတနာ့ဝန်ထမ်းအဖွဲ့ သည် ရောဝတီတိုင်းနာဂစ်မုန်တိုင်းဒေသတွင် ဂျွန် ၁၊ ၂၀၀၉ မှစ၍ ကျောင်း ၁၇ ကျောင်း၊ ကျောင်းသား ၁၈၅၀ များအတွက် ဆေးစစ်ခြင်း ၃၃ ကြိမ်ပြု၍ ဆေးဝါးလှူခြင်း၊ ဆေးဝါးကုသခြင်းများပြုလုပ်ခဲ့ကြောင်း။

**ဂျူလိုင် ၄၊ Front Line ။** ။ နအဖသည် တဖက်လှည့်အပျော့ဆွဲဥပဒေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲမှပယ်ထုတ်ထားရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။ PS Suryanarayana မှရေးသား၏။



## မလေးရှားမှ ရှန်းရင်းဆန်ခတ်

မလေးရှားနိုင်ငံတွင်းမှာရှိတဲ့ ထိန်းသိမ်းရေးစခန်းတခုအတွင်းမှာ ရှန်းရင်းဆန်ခတ်မှုအသေးစားလေးဖြစ်ခဲ့ပြီး ထိန်းသိမ်းခံမြန်မာ ၈ ဦး ဒဏ်ရာရခဲ့တယ်လို့သိရပါတယ်။ မလေးအာဏာပိုင်တွေက ထိန်းသိမ်းခံရတဲ့သူတချို့ကို အခြားနေရာတခုသို့ပြောင်းရွှေ့ဖို့လုပ်တဲ့အခါ ငြင်းဆန်မှုတွေဖြစ်ပွားခဲ့ပြီးနောက် အာဏာပိုင်တွေက လူ ၃၀ ကို ရိုက်နှက်ခဲ့တယ်လို့ ရိုက်နှက်ခံရသူ တဦးက ပြောပါတယ်။ **(IRRAWADDY, 2.7.2009)**

## အတုလုပ်သူကိုဖမ်းဆီး

ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်လျက်ရှိသော အသက် ၆၃ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတဦးကို ထိုင်းရဲတပ်ဖွဲ့က အထောက်အထားစာရွက်စာတမ်းအတုများလုပ်တဲ့အမှုနဲ့ ဖမ်းဆီးလိုက်တယ်လို့ သိရပါတယ်။ အဲဒီလူဟာ ရိုဟင်ဂျာတွေနဲ့တခြားပြောင်းရွှေ့လုပ်သားတွေအတွက် အလုပ်လုပ်ကိုင်ခွင့်ကဒ်ပြားတွေရဖို့ ကြားဝင်ဆောင်ရွက်ပေးနေတဲ့သူလို့ ထိုင်းအာဏာပိုင်တွေက ပြောပါတယ်။ **(MIZZIMA, 2.7.2009)**

## အထူးကျောက်မျက်အရောင်းပွဲ

မြန်မာနိုင်ငံမှာ အထူးကျောက်မျက်အရောင်းပွဲကို ဇွန်လ ၂၂ ရက်နေ့ကစပြီး ဂျူလိုင် ၄ ရက်နေ့အထိ ပြုလုပ်နေရာ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်စသည် တို့က ကျောက်ကုန်သည် ၃၀၀၀ ကျော်လာရောက်တယ်လို့ သိရပါတယ်။ ဒီအရေအတွက်ဟာ မကြာသေးတဲ့နှစ်ပိုင်းအတွင်းမှာ အများဆုံးအရေအတွက် ဖြစ်ပါတယ်။ **(XINHUA, 30.7.2009)**

## မယ်လဒုက္ခသည်များ၏စိုးရိမ်စိတ်

နအဖက DKBA နဲ့ပေါင်းပြီး ကေအဲန်ယူကို ထိုးစစ်ဆင်နေတာကြောင့် ကေအဲန်ယူစခန်းတွေ ကျဆုံးခဲ့ရပြီးတဲ့နောက် ထိုင်း–မြန်မာနယ်စပ်အနီးမှာရှိတဲ့ မယ်လဒုက္ခသည်စခန်းမှ ဒုက္ခသည်တွေဟာ သူတို့ကို DKBA တွေကလာရောက်တိုက်ခိုက်မယ့်အရေးကို တွေးပြီးစိုးရိမ်နေကြတယ်လို့ သိရပါတယ်။ တချို့ဒုက္ခသည်တွေဆိုရင် အထုပ်အပိုးတွေထုပ်ကာ ပြေးဖို့ရာပြင်နေပါတယ်။

(IRRAWADDY, 1.7.2009)

## မြင်းခြံဘုန်းကြီးသပိတ်မှောက်

နအဖရဲ့စက်မှုဝန်ကြီး ဦးအောင်သောင်းရဲ့အလှူအဖြစ်နဲ့ မြင်းခြံမှာရှိတဲ့ သံဃာတွေကို ဇွန်လ ၂၆ ရက်နေ့က ဆွမ်းလောင်းတဲ့အခါ သံဃာအများအပြားဟာ ဆွမ်းခံမထွက်ကြဘူးလို့သိရပါတယ်။ နအဖအပေါ် သံဃာသပိတ်မှောက်ထား တာကို မသိနားမလည်သေးတဲ့ သံဃာငယ်တွေကတော့ဆွမ်းခံထွက်ခဲ့ကြတယ်လို့ သပိတ်မှောက်သံဃာတဦးကပြောပါတယ်။ **(MIZZIMA, 29.6.2009)**

## လက်ပူးလက်ကြပ်

တိုကျိုအခြေစိုက် ကုန်သွယ်ရေးကုမ္ပဏီတခုဟာ မြောက်ကိုရီးယားနဲ့ ဆက်နွယ်ပြီး မြန်မာနိုင်ငံကို လက်နက်တွေထုတ်လုပ်ရာမှာအသုံးပြုရတဲ့ အဆင့်မြင့်နည်းပညာသုံးပစ္စည်းအစိတ်အပိုင်းတွေကို တင်ပို့တယ်ဆိုတဲ့ စွဲချက်နဲ့ ဂျပန်ရဲတပ်ဖွဲ့ရဲ့ရှာဖွေစစ်ဆေးတာကိုခံရပြီးတဲ့နောက် လူ ၃ ဦးကို ဖမ်းဆီးလိုက်တယ်လို့ သိရပါတယ်။ ဒုံးကျည်လုပ်တဲ့နေရာမှာ သုံးတဲ့ပစ္စည်းတွေကို ခွင့်ပြုချက်မရပဲနိုင်ငံခြားကို တင်ပို့တာမလုပ်ရဘူးလို့ ဂျပန်ဟာ ၂၀၀၆ ခုနှစ်ကတည်းက တားမြစ်ထားပါတယ်။ **(THE JAPAN TIMES, 2.7.2009)**

## အလွမ်းသင့်ဆက်ဆံရေး

၁၉၉၁ ခုနှစ်မှာ ဆိုဗီယက်ယူနီယံပြိုကွဲပြီး ရုရှားသမတနိုင်ငံဖြစ်လာပြီးကတည်းက မြန်မာစစ်အာဏာပိုင်တွေနဲ့ရုရှားတို့အကြား ဆက်ဆံရေးတိုးတက်လာခဲ့ပါတယ်၊ စီးပွားရေးဆက်သွယ်မှုတိုးတက်လာဖို့အခြေခံပြီး စစ်အာဏာပိုင်တွေနဲ့ရုရှားတို့အကြား စစ်ရေးအရ ဆက်ဆံမှုတွေလည်းရှိလာပါတယ်။ ရုရှားနဲ့ မြန်မာတို့ နိုင်ငံရေးစနစ်၊ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံတွေကွဲပြားနေပေမဲ့ နှစ်နိုင်ငံတို့ဟာ အလွမ်းသင့်တဲ့ဆက်ဆံရေးရှိပါတယ်။ ရုရှားဟာ မြန်မာပြည် နဲ့ဘက်ပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ အဆင်သင့်ပဲဆိုတာကို ၂၀၀၆ ခုနှစ်က ပြောဆိုခဲ့ဘူးပါတယ်။ **(THE GULF TIMES, 1.7.2009)**

## ဂျကာတာမှ ဒေါ်စုဓာတ်ပုံ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာရှိတဲ့ ဗြိတိန်သံရုံးက လူစည်ကားရာ လမ်းဆုံလမ်းခွတခုမှာ ဆိုင်းဘုတ်အကြီးကြီးတခုကိုထောင်ကာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံရိပ်ကို ပရိုဂျက်တာနဲ့ပြသတာကို ဂျူလိုင် ၂ ရက်နေ့ကနေ ၅ ရက်နေ့ အထိပြုလုပ်မယ်လို့ ဆိုပါတယ်။ အကြောင်းရင်းကတော့ ဘန်ကီမွန်း မြန်မာပြည်သွားနေတဲ့အချိန် ဒေါ်စုကိစ္စကို အများက သတိပြုအလေးထားမိလာစေရန် ဆွဲဆောင်တဲ့အနေနဲ့လုပ်ဆောင်တာဖြစ်ပါတယ်။ ဗြိတိန်သံရုံးတာဝန်ခံက မြန်မာပြည်ရဲ့အိမ်နီးနားချင်းနိုင်ငံတွေဟာ ဒေါ်စုကိုလွှတ်ပေးဖို့အတွက် တောင်းဆိုဖို့ရာတာဝန်ရှိတယ်လို့ ဆိုလိုက်ပါတယ်။ **(THE JAKARTA POST, 2.7.2009)**

## အင်ဒိုနီးရှား–မြန်မာ ကုန်သွယ်ခရီးသွားတိုးမြှင့်

အင်ဒိုနီးရှားနဲ့ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေတွေ့ဆုံကြပြီး ကုန်သွယ်ရေးနဲ့ခရီးသွားလုပ်ငန်းတွေမှာ တိုးမြှင့်ဆက်ဆံကြဖို့ ဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။ ဘဏ်လုပ်ငန်း၊ လေကြောင်းခရီး တိုက်ရိုက်အဆက်အသွယ်မရှိတဲ့အခြေအနေကို တိုးတက်လာစေဖို့ အရေးကြီးတယ်လို့ဆိုပါတယ်။ မြန်မာပြည်နဲ့အင်ဒိုနီးရှားတို့အကြားကုန်သွယ်မှုဟာ ၂၀၀၈–၂၀၀၉ မှာ အမေရိကန် ဒေါ်လာ ၂၃၈ သန်းကျော်ရှိပါတယ်။ **(XINHUA, 2.7.2009)**

## မျက်နှာအကာဈေးကောင်း

HiNi တုပ်ကွေးရောဂါပိုးသစ်ဖြစ်ပွားတာကို တွေ့ရှိခဲ့တယ်လို့ စစ်အာဏာပိုင်တွေက ကြေညာခဲ့ပြီးတဲ့နောက်ပိုင်း ရန်ကုန်မှာ မျက်နှာဖုံးအကာများ ရောင်းကောင်းပြီး ဈေးတက်လာကာ ပစ္စည်းပြတ်လပ်တဲ့အထိ ဖြစ်လာတယ်လို့ သိရပါတယ်။ စင်္ကာပူကနေပြန်လာတဲ့ အသက် ၁၃ နှစ်အရွယ် ကလေးတဦးမှာ ရောဂါပိုးရှိတယ်ဆိုတာကို စမ်းသပ်စစ်ဆေးတွေ့ရှိခဲ့ပြီးတဲ့နောက် အခုလိုဖြစ်လာခဲ့တာပါ။ယခင်က တခုကို ၆၀ ကျပ် သာရှိခဲ့ပေမယ့် အခုအခါ ၂၀၀ ကျပ် အထိဖြစ်လာနေတယ်လို့ သိရပါတယ်။ **(AFP, 30.6.2009)**

# သတ္တုတူးဖော်ရေးစီမံကိန်းကြောင့် ပြည်သူများ အသက် အိုးအိမ်ပျက်ဆီး

**NEJ။ ဂျွန် ၃၀။ ။** နအဖ စစ်အစိုးရက ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအလယ်ပိုင်း တောင်ကြီးမြို့အနီး ၈ မိုင်ပတ်လည်တွင် ကျယ်ပြန့်သော ပင်းပက်တောင်ကြောတခုလုံးအား သတ္တုရိုင်းတူးဖော်လုပ်မည့် စီမံကိန်းကြောင့် ထိုဒေသရှိ ပြည်သူ ၇ ထောင်ကျော်၏ အသက်အိုးအိမ်ပျက်ဆီးဆုံးရှုံးရ လိမ့်မည်ဟု ပအိုးဝ်လူငယ်အစည်းအရုံးက ပြောဆိုပါတယ်။

"ဒီပင်းပက်တောင် သတ္တုတွင်းတူးဖော်တဲ့ စီမံကိန်းကြောင့် ပြည်သူတွေရဲ့ စိုက်ပျိုးမြေ ဧက ၁ သောင်းကျော် အသိမ်းခံလိုက်ရတယ်။ လူဦးရေ ၇ ထောင်ကျော် ရွှေ့ပြောင်းခံရတော့မယ်။ မြေယာအသိမ်းခံရတဲ့သူတွေကိုလည်း လုံလောက်တဲ့နစ်နာကြေးမျိုး ပေးတာမဟုတ်ဘူး။ ၂၀၀၆ ခုနှစ် အစပိုင်းက အသိမ်းခံလိုက်ရတဲ့ မြေယာတွေကို လျော်ကြေးအနေနဲ့ ကျပ် ၁ သိန်းကနေ ၂ သိန်းပေးပြီး ပြန်လည်နေရာချထားပေးတာလည်း မရှိခဲ့ဘူး။ ဒီ ၂၀၀၈ ခု နောက်ပိုင်းက မြေယာအသိမ်းခံလိုက်ရတဲ့ ပြည်သူတွေက ဘာလျော်ကြေးမှလည်း မခံစားရဘူး။ နောက်ပြီး အဲဒီဒေသကပြည်သူတွေကို မြေယာသိမ်းတဲ့အကြောင်းတို့ စီမံကိန်းအကြောင်းတို့ကို အသိပေးတာလည်းမရှိခဲ့ပါဘူး။" လို့ ပအိုးဝ်လူငယ်အစည်းအရုံး PYO မှ ပြောရေးဆိုခွင့်ရှိသူ ခွန်ချန်ကီက ပြောပါတယ်။

ပအိုးဝ်လူငယ်အစည်းအရုံးက အဆိုပါပင်းပက်တောင် သတ္တုတွင်းတူးဖော်ရေးစီမံကိန်းနှင့်ပတ်သက်၍ ၃ နှစ်ကြာ လေ့လာစစ်တမ်းကောက်ယူပြီး ယင်းစီမံကိန်းကြောင့် ထိုဒေသတပိုက်ရှိ ပအိုးဝ်ပြည်သူတို့၏ အိုးအိမ်ဆုံးရှုံးနစ်နာမှုများအား ဖော်ပြထားသည့် "အနာဂတ်ကို လုယူဖျက်ဆီးခြင်း"ဟူသော အစီရင်ခံစာအား ဂျွန်လ ၂၉ ရက်တွင်ထုတ်ပြန်ခဲ့ပါတယ်။

ခွန်ချန်ကီက "အဲဒီဒေသက စစ်တပ်အာဏာပိုင်တွေ မြေယာသိမ်းနေတာလည်း ၂ မျိုးရှိတယ်။ ကိုယ့်မြေယာမှာ အဝါရောင်အလံ လာစိုက်ထားရင် မြေယာကိုသိမ်းပိုက်ပြီးသားဆိုတဲ့ သဘောဘဲ။ ဒါပေမယ့် ကိုယ့်မြေယာပေါ်မှာဆက်ပြီး လုပ်ပိုင်ခွင့်၊ စိုက်ပျိုးခွင့်တော့ရှိသေးတယ်။ အနီရောင်အလံ လာစိုက်ထားပြီဆိုရင်တော့ အပြီးအပိုင် သိမ်းလိုက်ပြီဆိုတဲ့သဘောဘဲ။ ဘာမှလုပ်ပိုင်ခွင့်မရှိတော့ဘူး။ တခါတည်း အခြားနေရာရွှေ့ပြောင်းတော့ပေါ့။ အဲဒါ အာဏာပိုင်တွေ လာအသိပေးတဲ့ နည်းလမ်းဘဲ။" လို့ပြောပါတယ်။

၂၀၀၆ ခုနှစ်က တဖန်စတင်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ဒုတိယကြီးဆုံး သတ္တုရိုင်းတိုက်ကြီးဖြစ်တဲ့ ပင်းပက်တောင်သတ္တုတွင်း တူးဖော်ရေးစီမံကိန်းကို စစ်အစိုးရက ရုရှားနိုင်ငံပိုင် Tyazhpromexport အမည်ရှိ ကုမ္ပဏီ၏ထောက်ပံ့မှုဖြင့် ၂၀၀၉ ခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်မည်ဖြစ်သည်။ အုတ်နံရံနှစ်ထပ်၊ သံဆူးကြိုးတထပ် ကာရံထားပြီး မြေအောက်ဥမင်များရှိသည့် သံရည်ကျိုစက်ရုံတရုံလည်း တည်ဆောက်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

စက်ရုံအတွက် ချောင်းရေကို သွယ်ယူအသုံးပြုနေခြင်းကြောင့် ယင်းစီမံကိန်းခွင်ပြင်တပိုက်ရှိ သဘက်ချောင်းတလျှောက်နေ လူဦးရေ ၃၅,၀၀၀ ခန့်တို့သည် အသက်မွေးဝမ်းကျောင်းမှုအတွက် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိနေပြီး ယခုနှစ်တွင် ချောင်းရည်လျော့နည်းနိမ့်ကျလာနေကြောင်း ခွန်ချန်ကီကပြောပါတယ်။ အဆိုပါစီမံကိန်းတွင် လုပ်ဆောင်သည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းရပ်စဲသင့်ပြီး လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုကို စနစ်တကျထိန်းသိမ်းပြုပြင်ပေးရန် ပအိုးဝ်လူငယ်အစည်းအရုံးက တောင်းဆိုထားပါတယ်။

"နိုင်ငံတကာအင်အားစုတွေအနေနဲ့ အခုလို ရွှေ့ပြောင်းခံရသူတွေကို လုံလောက်တဲ့ တရားမျှတတဲ့ နစ်နာကြေးရရှိအောင် ဆောင်ရွက်ပေးကြဖို့ သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှုကြောင့် လူမှုဘဝတွေ ဆိုးကျိုးတွေ သက်ရောက်နေတာကို အနီးကပ် စောင့်ကြည့်လေ့လာပေးကြဖို့ ဒီစီမံကိန်းကို ရပ်ဆိုင်းထားဖို့ နအဖကို တောင်းဆိုလိုက်ပါတယ်။" လို့ ခွန်ချန်ကီကပြောပါတယ်။

# မြန်မာနိုင်ငံမှာ လူတုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့လာ၍ လူထု စိုးရိမ်

**DVB။ ဂျွန် ၃၀။ ။** မြန်မာနိုင်ငံမှာ လူတုပ်ကွေးရောဂါ စတင်ပျံ့နှံ့နေပြီဆိုတဲ့ သတင်းတွေကြောင့် မြန်မာပြည်သူလူထုကြားမှာ စိုးရိမ်ထိတ်လန့်မှုတွေ များပြားလာပြီး ရောဂါကာကြိုတင် ကာကွယ်နိုင်မယ့် နှာခေါင်းစည်းတွေကို ဈေးကြီးပေးပြီး ဝယ်ယူအသုံးပြုနေကြပါတယ်။

အရင်က ငွေကျပ် သုံးလေးဆယ်ပေးပြီး ဝယ်ရင်ရတဲ့ ရောဂါကူးစက်မှုကို အကာအကွယ်ဖြစ်စေတဲ့ နှာခေါင်းစည်းတွေကို ငွေကျပ်သုံးလေးရာပေးပြီး ဝယ်ယူနေကြတာပါ။ ဒီအကြောင်းကို ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"နဂို သုံးလေးဆယ်တန်က အခု သုံးလေးရာဖြစ်နေတာတောင် လုဝယ်နေရတာ။ ဒီနေ့ဆို ဘုရားပွဲတိုးသလို မင်္ဂလာဈေးအပေါ်မှာ တိုးကြိတ်နေကြတာ။ အဲ့ဒီထဲမှာ ရောဂါပိုး ကိုယ်မှာရှိတဲ့သူ မပါဘူးလို့မပြောနိုင်ဘူး။ ရတဲ့ ဝင်ငွေနဲ့ မိသားစုလိုက် ဘယ်လိုမှမဝယ်နိုင်ဘူး။ သတင်းတွေသာ တကယ်မှန်ပြီး တကယ်ဖြစ်တယ် ဆိုရင်တော့ တကယ်စိုးရိမ်ရတဲ့ ပြဿနာပဲ။"

ရန်ကုန်မြို့ခံအများစုဟာ ဘတ်စ်ကား၊ မြို့ပတ်ရထားတွေနဲ့သွားလာနေကြရတဲ့အတွက် တကယ်လို့ ရောဂါပိုးသာ ပျံ့နှံ့နေမယ်ဆိုရင် မလွယ်ဘူးလို့လည်း အဲဒီမြို့ခံကပြောပါတယ်။

"အခုဟာ အကုန်လုံး ထိတ်လန့်ကုန်ကြတာပေါ့။ တုပ်ကွေးဆိုတာ သိတဲ့အတိုင်းပဲ လေထဲမှာပျံ့နှံ့နိုင်တော့ လူတိုင်းကာကွယ်ဖို့ဆိုတာ တော်တော်ခဲယဉ်းတယ်။ အဓိက ကတော့ ဦးဆောင်နေတဲ့ လူတွေဖြေရှင်းပေးရမှာ၊ လူတွေ အနည်းဆုံး အသိဉာဏ်ပွင့်အောင်လုပ်ပေးရမှာ။ ခုတော့ လူတွေက ထိတ်လန့်ရုံမှတပါး ဘာမှ မတတ်နိုင်ဘူး။"

ရောဂါကူးစက်မှုကို အကာအကွယ်ဖြစ်တဲ့ နှာခေါင်းစည်းတွေကို စည်းကမ်းတကျ အသုံးပြုဖို့လည်း အရေးကြီးတယ်လို့ အထွေထွေရောဂါကု အထူးကုဆရာဝန်တဦးက ပြောပါတယ်။

"နှာခေါင်းစည်းတို့ လက်အိတ်တို့ ဝတ်လိုက်ရင် လုံခြုံသွားပြီလို့ ယူဆကြတယ်။ နှာခေါင်းစည်း အသုံးပြုတဲ့နည်းကို မှန်မှန်ကန်ကန် မလုပ်တတ်ဘူးဆိုရင် မဝတ်တာထက်တောင် ပိုဆိုးသေးတယ်။ ဝတ်ပြီးလို့ရှိရင် အတတ်နိုင်ဆုံး သတိထားပြီးနေမှ ရောဂါပိုးလာရင် ကိုယ့်ဆီမရောက်တော့ဘူး။ နှာခေါင်းစည်းမှာပဲ ကပ်နေတယ်။ ကိုယ်က လက်အငြိမ်မနေနိုင်လို့ ဟိုယား၊ ဒီယား ကုတ်ရင် နှာခေါင်းစည်းပေါ် လက်နဲ့ထိပြီး အဲ့ဒီလက်နဲ့ ဟိုကိုင် ဒီကိုင် ကိုင်ရင် ကူးမှာပဲ။ ဒီပစ္စည်းကို သုံးပြီးရင် သုံးရကျိုးနပ်အောင် သုံးတဲ့အကျိုး အပြည့်အဝရှိအောင် ပညာပေးဖို့ အရမ်းလိုတယ်။"

မြန်မာပြည်သူတွေ ကြားမှာတော့ ရောဂါကူးစက်ခံရသူတွေ ထပ်တိုးလာနေတယ်။ HIV-AIDS ရောဂါသည်တွေ အများဆုံး ဆေးဝါးကုသမှုခံယူနေတဲ့ ဝေဘာဂီဆေးရုံမှာလည်း ရောဂါသည်တွေကို ရောထားတယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ကူးစက်ရောဂါတိုက်ဖျက်ရေး ဌာနကြီးရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းက ပြောပါတယ်။

"မဟုတ်ပါဘူး၊ မရှိပါဘူး၊ မနေ့ကလည်း လူ ၅၀ မြန်မာရုပ်မြင်သံကြားမှာ ကလေးကျန်းမာရေးကောင်းတာတို့ ဘာတို့ လုပ်ပါတယ်။ လူနာ အသစ်ရှိရင်လည်း ကျနော်တို့ သတင်းစာတို့ တီဗွီတို့မှာ ကြေညာမှာပါ။ ဆေးရုံအကုန်လုံး အသင့်အနေအထား ပြင်ဆင်ထားပါတယ်။ ဝေဘာဂီတင် မဟုတ်ပါဘူး၊ မြောက်ဥက္ကလာ၊ သဃ်္ဃန်းကျွန်းဆေးရုံ၊ ရန်ကုန်ဆေးရုံကြီးတို့စသဖြင့် လူနာတွေနီးစပ်ရာ၊ နီးစပ်ရာ တက်နိုင်အောင် ဆေးရုံအကုန် ပြင်ဆင်ထားပါတယ်။ ဆေးရုံတိုင်းမှာ သီးသန့်ခန်းတွေ အဲဒါနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားတာပေါ့။ ဒီလူနာတွေက အကုန်သီးသန့်ပဲ ထားရတာကိုး။" လတ်တလောမှာ မြန်မာနိုင်ငံနဲ့အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းမှာ ၁,၃၀၀ ကျော်နဲ့ စင်္ကာပူနိုင်ငံမှာ ဖ၀၀ ကျော် လူတုပ်ကွေးရောဂါကူးစက်ခံထားရတယ်လို့ နောက်ဆုံးရသတင်းတွေ အရသိရှိရပါတယ်။

# မြန်မာနိုင်ငံတွင် ဝက်တုပ်ကွေး စတင်ဖြစ်ပွားနေ၍ အများပြည်သူ သတိထားသင့်

**DVB၊ ဇွန် ၂၈။** မြန်မာနိုင်ငံမှာ ဝက်တုပ်ကွေးရောဂါ H1N1 Influenza ကူးစက်မှု ပထမဆုံးခံရသူ အသက် ၁၃ နှစ်ရွယ် မိန်းကလေးငယ်အပါအဝင် သူ့နဲ့ထိတွေ့ ဆက်ဆံသူတွေကို ရန်ကုန်ဆေးရုံကြီး အရေးပေါ်သီးသန့်မှာထားပြီး သွေးစစ်ဆေးမှုတွေလုပ်နေတယ်လို့ ရန်ကုန်ဆေးရုံကြီးမှ တယ်လီဖုန်းဖြေဆိုသူ ဝန်ထမ်းတဦးက ပြောပါတယ်။

မနေ့က AFP သတင်းနဲ့ ဒီနေ့ နအဖသတင်းစာတွေမှာ ဖော်ပြထားတဲ့ သတင်းတွေအရ ဒီမိန်းကလေးငယ်ဟာ ဇွန် ၂၁ ရက်နေ့က စင်္ကာပူနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပြီး ဇွန် ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီမှာ စင်္ကာပူလေကြောင်းလိုင်းနဲ့ ရန်ကုန်မြို့ကိုပြန်ရောက်လာပါတယ်။ ဒီမိန်းကလေးဟာ နေအိမ်ကိုပြန်ရောက်ပြီးနောက် စာဖတ်ဝိုင်းသင်တန်းကို အသွား ပြင်းပြင်းထန်ထန်ချောင်းဆိုးလာတဲ့အတွက် သင်တန်းဆရာမတွေနဲ့ မိဘတွေတိုင်ပင်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပို့သစစ်ဆေးရာမှာ ဝက်တုပ်ကွေးရောဂါပိုးကို တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ရောဂါပိုးရှိတယ်လို့ စစ်ဆေးအတည်ပြုပြီး ဒီမိန်းကလေး စီးနင်းခဲ့တဲ့ လေယာဉ်နဲ့အတူလိုက်ပါလာတဲ့ ခရီးသည် ၉၁ ဦးနဲ့ သူနဲ့ ထိတွေ့ခဲ့တဲ့ စာဖတ်ဝိုင်းက သင်တန်းဆရာမတွေ၊ သင်တန်းသားတွေ၊ နိုင်ငံတကာလေဆိပ် ဝန်ထမ်းတွေကိုလည်း ရောဂါဖြစ်ပွားမှု ရှိမရှိ ဆက်လက်စစ်ဆေးစောင့်ကြည့်နေတယ်လို့ နအဖမီဒီယာမှာ ထုတ်ပြန်ထားပါတယ်။

ဒီရောဂါပိုးကူးစက်နေသူ မိန်းကလေးအပါအဝင် အခြားခရီးသည်တွေလေဆိပ်ဝန်ထမ်းတွေကို ကျန်းမာရေးတာဝန်ရှိသူတွေအနေနဲ့ ဘယ်လို စစ်ဆေးကုသပေးနေတယ်၊ ဒီရောဂါပိုး လူထုတွေကြား အလျှင်အမြန် ကျယ်ကျယ်ပြန့်ပြန့် မကူးစက်အောင် ဘယ်လိုတားဆီးကာကွယ်နေတယ်ဆိုတာတွေ ရန်ကုန် ပြည်သူ့ဆေးရုံကြီးကို ဆက်သွယ်မေးမြန်းရာမှာ တာဝန်ကျဆရာမတဦးက ဖြေကြားပါတယ်။ တာဝန်ကျ ဆရာမက ရောဂါကူးစက်နိုင်လောက်တဲ့ သံသယရှိသူတွေကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန အိုပီတီမှာ သွေးစစ်ဆေးမှုတွေလုပ်နေပြီး အဲဒီအရေးပေါ်ဌာနရဲ့ တခုတည်းသောလိုင်းခွဲဖုန်းကို ပြင်ပနဲ့လုံးဝဆက်သွယ်လို့ မရအောင်ဖြတ်တောက်ထားတာကြောင့် ဆေးရုံဝန်ထမ်းအချင်းချင်းတောင် ဆက်သွယ်လို့ မရတော့ဘူးလို့ပြောပါတယ်။ လေဆိပ်မှာ ကျန်းမာရေးဝန်ထမ်းတွေက စစ်ဆေးစဉ်က သူ့မှာအဖျားမရှိဘူးလို့ နအဖသတင်းမှာဖော်ပြထားတာကြောင့် လေဆိပ်ကျန်းမာရေးဌာနကို တိုက်ရိုက်မေးမြန်းတဲ့အခါ ဖုန်းကိုင်သူ တာဝန်ကျဝန်ထမ်းက ဆရာဝန်တွေ အစည်းအဝေးလုပ်နေတယ်လို့သာ ဖြေကြားပြီး ဖုန်းပြန်ချသွားပါတယ်။ လေဆိပ်ကျန်းမာရေးစစ်ဆေးမှု ပုံစံနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့တပတ်ကမှ ကျောင်းပိတ်ရက် စင်္ကာပူကနေ ရန်ကုန်ကို လေယာဉ်နဲ့ပြန်လာတဲ့ လူငယ်တဦးက ပြောပြပါတယ်။

“ကျနော်ပြန်လာတုန်းက လေယာဉ်ပေါ်တက်ရင် စာရွက်လေး တွေပေးတယ်၊ ဖြည့်ရတယ်။ အဖျားရှိမရှိပေ့ါ။ လေဆိပ်ဆင်းတော့ စာရွက်တွေ ပြန်ကောက်တယ်။ သူတို့က စာရွက်မှာကြည့်လိုက်ပြီး နည်းနည်း အဖျားရှိရင် စစ်တယ်။ နိုင်ငံခြားမှာလို ကင်မရာနဲ့ စကင်ဖတ်တယ်။ ကွန်ပြူတာနဲ့စစ်တယ်။ အဲဒီနေရာကို ဖြတ်သွားလို့ရှိရင် လူတွေအပူချိန်ကို ကြည့်တာရှိတယ်လေ၊ လူတိုင်းကို လိုက်မစစ်တော့ဘူး၊ အော်တိုမက်တစ် စကင်နဲ့ဖတ်တာ။ လူတိုင်းဖြတ်သွားတာ ကင်မရာမှာပေါ်တယ်။ အပူချိန်ရှိတယ်ဆိုရင်တော့ ချက်ချင်း ခွဲထားလိုက်တာပေ့ါ။ အခုနောက်ပိုင်း သူတို့နည်းနည်းပေ့ါလျော့တယ်ထင်တယ်၊ ဖျားတာမတွေ့ဘူးဆိုတော့ သေချာမလုပ်လို့ဖြစ်မှာပေ့ါ။ ဖြတ်လို့ရှိရင် သူတို့မြင်ရမှာပေ့ါ။ အဲ့ပုံစံသူတို့လုံးဝလွတ်မှာမဟုတ်ဘူး၊ သူတို့က ကျော်သွားတယ်ဆိုတော့ သူတို့ကနဲနဲပေ့ါ လျှော့လိုက်တာနေမှာပေ့ါ။ သတင်းစာထဲမှာလည်းပါတယ်၊ ဝန်ထမ်းတွေရော စစ်နေတယ်ဟုတ်ကဲ့။”

ရောဂါကူးစက်နေသူ မိန်းကလေးငယ်စီးနင်းလာတဲ့ စင်္ကာပူလေကြောင်းလိုင်းလေယာဉ်မှာ ခရီးသည် ၉၁ ဦးပါတယ်လို့ နအဖ မီဒီယာမှာ ဖော်ပြထားပေမယ့် မြန်မာနိုင်ငံသားတွေအပြင် နိုင်ငံခြားသား ပါမပါ စင်္ကာပူလေကြောင်းရုံးကို ဆက်သွယ်ပေမယ့် ရုံးပိတ်ရက်ဖြစ်လို့ ဖုန်းဖြေမယ့်သူ မရှိပါဘူး။ ဝက်တုပ်ကွေးရောဂါပိုး မြန်မာနိုင်ငံမှာ တွေ့ရှိနေပြီဖြစ်လို့ ဒီရောဂါပိုး လူထုအကြားဆက်လက်မပြန့်ပွားအောင် တားဆီးနိုင်ဖို့ ကျန်းမာရေးဌာနနဲ့ ပြန်ကြားရေးဌာန တာဝန်ရှိသူတွေနဲ့ လူထုကပါ အသိသတိနဲ့လုပ်ဆောင်သင့်ကြောင်း အထက်ဗမာပြည်ဆရာဝန်များအသင်းက ဆရာဝန်ကြီးဦးမြင့်ဦးက အကြံပြုထားပါတယ်။

“ပြည်တွင်းမှဖြစ်တာ မဟုတ်ဘူး၊ နိုင်ငံခြားကလာတယ်ဆိုတော့ အဓိကအစစ်အဆေးတွေက လေဆိပ်တွေမှာလုပ်တာကိုး။ လေဆိပ်မှာ အပူချိန်တိုင်းတယ်ဆိုတာ တချို့က အင်နာဂျက်စစ် အင်တီဗိုင်းရောတစ်တို့၊ အဖျားကျဆေးတို့သောက်တာရှိတော့ လတ်တလောအနေနဲ့ အဖျားကျတာရှိတယ်။ တကယ်တန်း ဖျားတဲ့လူတောင်မှ လေဆိပ်မှာပေးတဲ့ ဆေးသောက်လိုက်တဲ့ ဆေးရဲ့အာနိသင်ကြောင့် အဖျားကျတယ်ဆိုတော့ အဖျားနဲ့တိုင်းတာက သိပ်မလုံလောက်ဘူး။“ဒါလေထဲမှာကူးတဲ့ဟာမို့ လူတိုင်း ဆင်ခြင်ဖို့၊ သတိထားဖို့ လိုတယ်လို့ ကျနော်ထင်ပါတယ်။ အများသိအောင် မီဒီယာဖြစ်တဲ့ ရေဒီယိုတို့၊ တီဗွီတို့က အဲဒီမှာ ဒီလိုရောဂါတွေဖြစ်တယ်၊ နိုင်ငံတကာတွေမှာလည်းဖြစ်တယ်၊ အိမ်နီးချင်းနိုင်ငံတွေမှာလည်းဖြစ်တယ်၊ ဗမာပြည်မှာလည်း ဒီလို စဖြစ်လာပြီလို့ လူတွေသတိထားဖို့သတိပေးသင့်တယ်။ ဖျားတယ် နာတယ်ဆိုရင် ဆင်ခြင်ဖို့ပေ့ါ။ ကိုယ်ဖြစ်တယ်ဆိုရင် သူများတွေကို မကူးစက်အောင် ဂရုစိုက်ဖို့။ ဝက်တုပ်ကွေးကိုသတ်သတ် ဗဟိုချက်ပြုပြီးပြောရင် နည်းနည်းတော့ခက်တယ်၊ အားလုံးက တုပ်ကွေးဆိုရင် ဂရုစိုက် ဖို့၊ ပြောဖို့သင့်တယ်လို့ယူဆပါတယ်။”

# ခက်ခဲသည့်ခရီးစဉ်ဟု ဘန်ကီမွန်း ပြော

**DVB၊ ဂျူလိုင် ၃။ ။** ကြပ်ပြေးခရီးစဉ်ဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တဦးအတွက် ခက်ခဲလှတဲ့ ခရီးစဉ်ဖြစ်ပေမယ့် ဒီခရီးစဉ်ကနေ စစ်အုပ်စုဆီက နိုင်ငံရေးအဖြေ တခုခုရလာအောင် သူ အစွမ်းကုန် အတတ်နိုင်ဆုံးကြိုးစားမှာဖြစ်ကြောင်း ဘန်ကီမွန်းက ပြောဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံမသွားခင် ဂျပန်ကနေ စင်္ကာပူအရောက်မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း အခုလိုပြောသွားတာဖြစ်ပြီး အခုအချိန်အထိ ဖမ်းဆီးခံ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့် ရ မရ စစ်အုပ်စုဆီက အာမခံချက်မရသေးဘူးလို့ အတွင်းရေးမှူးချုပ်က ပြောပါတယ်။ ဒါပေမယ့် စနေနေ့ နအဖဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ကြပ်ပြေးနေပြည်တော်မှာတွေ့ဆုံတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ပေးဖို့ သူ တောင်းဆိုမှာဖြစ်တယ်လို့ မစ္စတာဘန်ကီမွန်းက သတင်းထောက်တွေကို ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်အပါဝင် တရားဝင်မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်အားလုံးနဲ့တွေ့ခွင့်ရအောင် ကျနော်ကြိုးစားမှာဖြစ်ပါတယ်” လို့ မကြာသေးခင်ကမှ နေပြည်တော်ကနေပြန်လာတဲ့ စင်္ကာပူဝါရင့်ဝန်ကြီး ဂိုချုပ်တောင် ညှော်ခံတဲ့ ညစာစားပွဲကိုတက်ရင်း သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဂမ်ဘာရီကတဆင့် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ပေးမယ်ဆိုတာကို သိထားရပြီးဖြစ်တဲ့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရဖို့ သူတောင်းဆိုမှာပါလို့ အတွင်းရေးမှူးချုပ်က ပြောပါတယ်။

ဝါရှင်တန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က ဝေဖန်ထားတဲ့အတိုင်း ဒီခရီးစဉ်ဟာ အတော်ခက်ခဲတဲ့ ခရီးစဉ်ဆိုတာ မှန်ပေမယ့် မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ အမျိုးသားပြန်လည်သင့်မြတ်မှု ဖြစ်ပေါ်လာစေရေး၊ ဒီမိုကရေစီထွန်းကားရေးအတွက် သူ့မှာ အစွမ်းကုန်ကြိုးစားဖို့ တာဝန်ရှိတယ်လို့လည်း အတွင်းရေးမှူးချုပ်က ပြောပါတယ်။

အခုခရီးစဉ်ဟာ နိုင်ငံတကာရဲ့ကိုယ်စား သွားတာဖြစ်တဲ့အတွက် နိုင်ငံတကာက မြင်ချင်နေတဲ့အတိုင်း မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်လာအောင် ဆွေးနွေးနိုင်လိမ့်မယ်လို့မျှော်လင့်ကြောင်း စင်္ကာပူမှာပြုလုပ်တဲ့ သတင်းစာရှင်းပွဲမှာ မစ္စတာဘန်ကီမွန်းက ပြောကြားသွားပါတယ်။

# မြောက်ကိုရီးယားသင်္ဘော နောက်ကြောင်းပြန်လှည့် ဦးတည်ချက်ပြောင်းသွား

**NEJ | ဂျူလိုင် ၁ ။** ။ စစ်လက်နက်များနဲ့ ဆက်စပ်ပစ္စည်းများ တရားမဝင် တင်ဆောင်လာတယ်လို့ သံသယအဖြစ်ခံရတဲ့ Kang Nam ကုန်တင်သင်္ဘောသည် မူလလာရင်းလမ်းကြောင်းပြောင်းပြီး မြောက်ကိုရီးယားနိုင်ငံဘက်ကို ပြန်လည်ဦးတည်ခုတ်မောင်းသွားကြောင်း သံတမန်ရပ်ကွက်များကို ကိုးကားပြီး ယနေ့ထုတ် တောင်ကိုရီးယားသတင်းစာ Korea Herald မှာ ရေးထားပါတယ်။

အခုလို သင်္ဘောနောက်ကြောင်း ပြန်လှည့်နေတဲ့သတင်းကို အမေရိကန်ပင်တာဂွန်အရာရှိတဦးကို ကိုးကားပြီး AFP သတင်းမှာ ရေးသားထားပါတယ်။ Kang Nam သင်္ဘောမှာ သံသယဖြစ်ဖွယ်လက်နက်များတင်ဆောင်ကာ မြန်မာနိုင်ငံဘက်ကို ဦးတည်သွားနေပုံရကြောင်း တောင်ကိုရီးယား YTN ရုပ်မြင်သံကြားသတင်းမှာ ဖော်ပြခဲ့ပါတယ်။ တကယ်လို့ ဒီ Kang Nam သင်္ဘောနောက်ကြောင်း ပြန်လှည့်တဲ့ သတင်းမှန်ကန်ပါက မြောက်ကိုရီးယားအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ တားမြစ်ချက်များ သက်ရောက်မှုရှိကြောင်းကို ပြသခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအရေး ကျွမ်းကျင်သူတွေက သုံးသပ်ပါတယ်။

Kang Nam သင်္ဘော နောက်ကြောင်းပြန်လှည့်တယ်ဆိုတဲ့ အချက်မှန်ကန်ပါက ကုလသမဂ္ဂရဲ့ တားမြစ်ပြဋ္ဌာန်းချက် ၁၈၇၄ သက်ရောက်မှုရှိလာပြီဖြစ်ကြောင်း ကိုရီးယားကာကွယ်ရေးဆိုင်ရာ သုံးသပ်မှုဌာနမှ ကျွမ်းကျင်သူ ကင်တေဝူးက ပြောပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဖြည့်စွက်ပြဋ္ဌာန်းချက် ၁၈၇၄ မှာ တရားမဝင်လက်နက်နဲ့ ဆက်စပ်ပစ္စည်းများ သယ်ဆောင်လာတယ်လို့ သံသယရှိခြင်းခံရတဲ့ မြောက်ကိုရီးယားသင်္ဘောကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေနဲ့ ရှာဖွေခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ပြီးခဲ့တဲ့မေလမှာ မြောက်ကိုရီးယားက အနုမြူဗုံးစမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက်ပိုင်း ချမှတ်ခဲ့တာဖြစ်ပါတယ်။

အခုလို လုံခြုံရေးကောင်စီက ပြဋ္ဌာန်းချက်အသစ်ချမှတ်လိုက်ပြီးတဲ့နောက် Kang Nam မြောက်ကိုရီးယားသင်္ဘောသည် နိုင်ငံတကာရဲ့ စောင့်ကြည့်စိစစ်ခြင်းခံရတဲ့ ပထမဆုံး သင်္ဘောဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၁၇ ရက်နေ့မှာ မြောက်ကိုရီးယားဆိပ်ကမ်း Nampo သင်္ဘောဆိပ်မှ ထွက်ခွာခဲ့တဲ့ အဲဒီသင်္ဘောမှာ ဒုံးလက်နက်နဲ့ ဆက်စပ်ပစ္စည်းများ တင်ဆောင်လာနိုင်တယ်လို့ တောင်ကိုရီးယား ထောက်လှမ်းရေးအပါအဝင် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက ယူဆထားကြပြီး အမေရိကန် ရေတပ်ဖျက်သင်္ဘော USS John S.McCain က နောက်ယောင်ခံလိုက်နေခြင်း ဖြစ်ပါတယ်။

နအဖစစ်အုပ်စုကတော့ ပြည်ပသတင်းဌာနများက ထုတ်လွှင့်နေကြတဲ့ Kang Nam ကုန်တင်သင်္ဘောနဲ့ပတ်သက်ပြီး သက်ဆိုင်ရာမှ သတင်းတစုံတရာ ရရှိခြင်း မရှိကြောင်း ကြေညာခဲ့ပါတယ်။ Kang Nam သင်္ဘောဟာ မြန်မာနိုင်ငံ သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ရန်ရှိတယ်လို့လည်း သတင်းများထွက်ပေါ်လာခဲ့ကြောင်းလည်း သိရှိရပါတယ်။

# လူတုပ်ကွေးဆေး အမေရိကန်တွေ့ရှိ

**DVB | ဂျူလိုင် ၁ ။** ။ ကမ္ဘာနဲ့အဝန်းမှာ အလျှင်အမြန်ကူးစက်ပျံ့နှံ့နေတဲ့ လူတုပ်ကွေးရောဂါ AH1N1 ကို ကာကွယ်နိုင်စေမယ့် ဆေးတမျိုးကို အမေရိကန် ဆေးကုမ္ပဏီတခုက ရှာဖွေတွေ့ရှိနေပြီလို့ သိရပါတယ်။

အမေရိကန် ဆေးကုမ္ပဏီတခုဖြစ်တဲ့ Protein Sciences Corporation က လူတုပ်ကွေးရောဂါ AH1N1 ကို ကာကွယ်နိုင်မယ့် FluBlok ကို စမ်းသပ်ရှာဖွေတွေ့ရှိခဲ့တာပါ။ ဒီကာကွယ်ဆေးဟာ မျိုးပွားနိုင်တဲ့ကြက်ဥတွေကို ကုန်ကြမ်းအဖြစ် အသုံးပြုဖော်စပ်ထားတာဖြစ်ပြီး လတ်တလောမှာ ဒီဆေးကို တိရိစ္ဆာန်တွေမှာ စမ်းသပ်အောင်မြင်သွားပြီမို့ ရောဂါကူးစက်ခံရသူတွေမှာ စတင်စမ်းသပ်အသုံးပြုနေပြီလို့လည်း သတင်းတွေကဆိုပါတယ်။ ဒီကာကွယ်ဆေး အသုံးပြုပုံနဲ့ပတ်သက်ပြီး အထွေထွေရောဂါကု အထူးကု ဆရာဝန်တဦးက ပြောပါတယ်။

"အခုဟာက အသစ်တခု ထပ်ထုတ်တာ။ အမေရိကားမှာ နောက်ဆုံးထုတ်တာ။ လေးလုံး ထိုးရတယ်။ အခု ကျနော်တို့ ဖြစ်နေတာက New Influenza Virus အတွက် ၂ လုံးထိုးရတယ်။ AH1N1 အတွက် ၂ လုံးထိုးရတယ်။ လေးလုံး ထိုးပြီးမှ trial စမ်းကြည့်နေတယ်။"

မြန်မာပြည်သူတွေအတွက် ကာကွယ်ဆေးတွေထက် ဆေးဝါးမပါတဲ့ ကြိုတင်ကာကွယ်မှုပုံစံတွေက ပိုအရေးကြီးတယ်လို့ ကူးစက်ရောဂါတိုက်ဖျက်ရေး ညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်မြင့်က ပြောပါတယ်။

"သူတို့လည်း စထုတ်တာဖြစ်ပြီး လိုအပ်တဲ့နိုင်ငံတိုင်းကို မဖြန့်နိုင်သေးတော့ ဆေးထက် ဆေးဝါးမပါဘဲနဲ့ ကြိုတင်ကာကွယ်တဲ့ နည်းလမ်းတွေပေါ့။ ဥပမာ နှာခေါင်းစည်းတပ်ပြီး ကာကွယ်တာတို့၊ လက်ဆေးရမှာတို့၊ လူထူထပ်တဲ့နေရာ မသွားတာတို့၊ မလိုအပ်ဘဲ လူနာတွေသွားမကြည့်တာတို့၊ လူနာသွားပြီး ပြုစုတယ်ဆိုရင်လည်း နှာခေါင်းစည်းပါနေဖို့ အဲ့လိုမျိုး ဆေးဝါးမပါတဲ့ ရောဂါကာကွယ်နည်းတွေနဲ့ ကာကွယ်ရမှာပေါ့။"

ရောဂါကြိုတင်ကာကွယ်ရေး လုပ်ဆောင်တဲ့နေရာမှာ၊ နှာခေါင်းစည်းတွေ သုံးတဲ့နေရာမှာလည်း စည်းစံနစ်တကျ အသုံးပြုကြဖို့လိုတယ်လို့လည်း သူက ပြောပါတယ်။ လတ်တလောမှာ လူတုပ်ကွေးရောဂါ ကူးစက်ခံရသူတွေ ထပ်တိုးနေတယ်၊ ရှမ်းပြည်နယ် လားရှိုးမြို့နဲ့ ပဲခူးတိုင်း ဆွာမြို့တွေမှာ ဒီရောဂါနဲ့ သေဆုံးသူ တဦးစီရှိနေတယ်ဆိုတာ မဟုတ်မှန်ဘူးလို့လည်း သူကဆက်ပြောပါတယ်။ ကမ္ဘာပေါ်မှာတော့ AH1N1 ရောဂါကို ကမ္ဘာ့ကပ်ဘေး ရောဂါအဖြစ် စတင်ကြေညာလိုက်ပြီးတဲ့နောက်ပိုင်း ကူးစက်ခံထားရသူ ခုနစ်သောင်း ကျော်ရှိနေပြီး သုံးရာကျော်သေဆုံးခဲ့ပြီလို့ နောက်ဆုံးရ ကမ္ဘာ့သတင်းတွေအရ သိရှိရပါတယ်။

# ပျဉ်းမနားဘူတာကို ကြပ်ပြေးသို့ပြောင်း

**DVB | ဂျူလိုင် ၁ ။** ။ ပျဉ်းမနားဘူတာကို အသုံးမပြုတော့ဘဲ ရွာတော်အနီးမှာ အသစ်ဆောက်ထားတဲ့ နေပြည်တော်ဘူတာအသစ်ကို ဒီလ ၅ ရက်နေ့က စတင်ပြောင်းရွှေ့ အသုံးပြုတော့မယ်လို့ သိရပါတယ်။

ဘူတာပြောင်းရွှေ့တော့မှာမို့ ပျဉ်းမနားမြို့ခံတွေ သွားရေး လာရေး ခက်ခဲတော့မယ့် အခြေအနေမျိုးမှာရှိနေပါတယ်။ ပျဉ်းမနားမြို့ပေါ်က ဘူတာကို မသုံးတော့ဘဲ ရွာတော် (ဥတ္တရသီရိမြို့သစ်) က ဘူတာသစ်ကနေ ရထားခရီးစဉ်တွေကို ဒီလ ၅ ရက်နေ့ကစပြီး ပြောင်းလဲ ပြေးဆွဲတော့မှာပါ။ ဘူတာပြောင်းရွှေ့တာနဲ့ပတ်သက်ပြီး ပျဉ်းမနား မြို့ခံတဦးက ပြောပါတယ်။

"စာပို့နဲ့ လော်ကယ်ပဲ ဒီမှာ ရပ်ပေးမယ်တဲ့၊ အဲ့ဒီ နှစ်စင်းကလွဲလို့ ကျန်တာတွေ အကုန်လုံးရပ်ခွင့်မပေးဘူးတဲ့။ ရွာတော် ဟိုဘက် တော်တော်ဝေးသေးတာ။ သူတို့က ကားတွေ စီစဉ်ပေးမယ်လို့တော့ ပြောတယ်။ ကားစောင့်တာနဲ့ ဆိုရင် အနည်းဆုံး တနာရီလောက်တော့ အချိန်ပေးရမယ်ထင်တယ်။"

ဘူတာသစ်နားက ဥတ္တရသီရိမြို့သစ်မှာ အိမ်ရာမြေကွက်သစ်တွေကို ချပေးထားပေမယ့် နေရာကောင်းတွေကို အာဏာပိုင်အသိုင်းအဝိုင်းနဲ့ နီးစပ်သူတွေပဲ ယူထားတယ်လို့လည်း ပျဉ်းမနားမြို့ခံအချို့က ပြောပါတယ်။ ဘူတာပြောင်းမှာကြောင့် ပျဉ်းမနားမြို့ခံတွေ အခက်တွေ့နေရတာကိုလည်း အဲဒီမြို့ခံက ပဲပြောပါတယ်။ "သွားရေး လာရေးက ဘယ်လိုမှ အဆင်မပြေတော့ဘူးလေ။ မြို့ပေါ်မှာ ဆိုရင် ရထားလာကာနီး အရေးကြီးရင် ကြီးသလို သွားလို့ရတယ်။ ခုဆို အချိန် အများကြီးယူရတော့မှာပေါ့။" အခြားပျဉ်းမနားမြို့ခံ တဦးကလည်း ဘူတာပြောင်းရွှေ့မှာနဲ့ပတ်သက်ပြီး သူ့အမြင်ကိုပြောပါတယ်။

"အခက်ခဲ ရှိမှာပဲ။ အကုန်လုံးက ပျဉ်းမနားဘူတာမှာ အခြေကျနေပြီ။ အခုပြောင်းရမယ်ဆိုတော့ ကူလီသမားတွေရော ဟိုလိုက်ပြီးရွှေ့ နေရမယ်ဆိုတော့ ဘယ်လွယ်ပါ့မလဲ။ ဘူတာကနေ ပျဉ်းမနားရွာတော်အသစ်ကို သွားရမှာက ကားခတင် ၃၀၀ လောက်ရှိတယ်။ ပြောင်းရွှေ့မှပဲ ဘယ်လိုအခြေအနေရှိမယ်ဆိုတာ ကြည့်ရမှာပဲ။" ဘူတာပြောင်းရွှေ့ရတော့မှာမို့ စီးပွားရေးလုပ်ငန်းတွေကိုပါ ရွာတော်ဘူတာ အသစ်ဘက်ပြောင်းရွှေ့လုပ်ကိုင်ဖို့ ပြင်ဆင်မှုအချို့ရှိနေကြတယ်လို့လည်း မြို့ခံစီးပွားရေးလုပ်ငန်းရှင် အချို့က ပြောပါတယ်။

# ထိုင်းအစိုးရက အလုပ်သမား လက်မှတ်သစ် စတင်လုပ်ပေးပြီ

**DVB | ဇူလိုင် ၁ ။** ။ ထိုင်းနိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီယားနိုင်ငံသား တရားမဝင် အလုပ်သမားတွေကို ထိုင်းအစိုးရက ဒီနေ့ကစပြီး အလုပ်လုပ်ခွင့် မှတ်ပုံတင် လုပ်ပေးနေပါပြီ။

ထိုင်းနိုင်ငံမှာ အလုပ်လုပ်ခွင့်လက်မှတ် လုံးဝမရှိသေးတဲ့ သူတွေ၊ နေထိုင်ခွင့်လက်မှတ်ရှိပြီး အလုပ်သမားလက်မှတ်မလုပ်ထားတာ သူတွေနဲ့ လက်မှတ်သက်တမ်းပျက်နေတဲ့သူတွေကိုပါ ဒီနေ့ ဇူလိုင်လ ၁ ရက်နေ့ကနေ ၃၀ ရက်နေ့အထိ အလုပ်သမားလက်မှတ်လုပ်ပေးမှာဖြစ်ပါတယ်။ ပထမဦးဆုံး သက်ဆိုင်ရာ မြို့နယ်အသီးသီးမှာ နေထိုင်ခွင့်လက်မှတ်ကိုသွားရောက် မှတ်ပုံတင်ရမှာဖြစ်ပြီး နေထိုင်ခွင့်လက်မှတ်ရပြီးရင် သက်ဆိုင်ရာဆေးရုံတွေမှာ ဆေးစစ်ရမှာပါ။ နောက်တဆင့်အနေနဲ့ သက်ဆိုင်ရာ အလုပ်သမားနေရာချထားရေးရုံးမှာ အလုပ်လုပ်ခွင့်လက်မှတ်ကိုရဖို့ လျှောက်ရမှာဖြစ်တယ်လို့ ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူး ကိုမိုးဆွေက ပြောပါတယ်။

"နေထိုင်ခွင့် လက်မှတ်ကို အသက်သွင်းတာပဲ ဖြစ်ဖြစ်၊ လုံးဝမရှိတဲ့ သူကျတော့ ပြန်လျှောက်တာပဲဖြစ်ဖြစ် စုစုပေါင်း ဘတ် ၈၀ ပဲ ကျတယ်။ နေထိုင်ခွင့်လက်မှတ်ရပြီဆိုတော့မှ ဆေးသွားစစ်လို့ရမယ်။ ဆေးစစ်တဲ့အခါ တနှစ်စာ ကျန်းမာရေးအာမခံက ၁၉၀၀ ကျမယ်။ အလုပ်သမားလက်မှတ် လျှောက်မယ်ဆိုရင် တလကို ၁၅၀ နှုန်းနဲ့ အခွန်ပေးရမယ်။ တနှစ်ဆိုရင် ၁၈၀၀၊ ၉ လနဲ့ ၁ နှစ်သက်တမ်းလျှောက်တဲ့ သူတွေကျကို ကတ်ထုတ်ပေးတဲ့အတွက် ဘတ် ၁၀၀ ကျတယ်။ အားလုံးပေါင်း ၃၈၈၀ ကျသွားတယ်။ "

အခု ထုတ်ပေးမယ့် လက်မှတ်ဟာ ၂၀၁၀ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိပဲ သက်တမ်းထုတ်ပေးမှာလို့ ထိုင်းအစိုးရက တရားဝင်ကြေညာထားပါတယ်။ ၂၀၁၀ ဖေဖော်ဝါရီလကုန်မှာ သက်တမ်းကုန်ပြီးရင် သက်ဆိုင်ရာနိုင်ငံတွေကို ပြန်သွားပြီး နိုင်ငံသားစိစစ်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံက နိုင်ငံသားဖြစ်ကြောင်း ထောက်ခံစာလက်မှတ်ရရှိပါက ထိုင်းနိုင်ငံကိုပြန်လာပြီး အလုပ်လုပ်ခွင့်လက်မှတ်ပြန်လျှောက်ရမယ်လို့ ဆိုပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မနက်ဖြန်မြို့နယ်ရုံးကို သွားရောက် နာမည်ပေးသွင်းမယ့် ချင်းမိုင်မြို့က အလုပ်သမားတဦးက အခုလို ပြောပါတယ်။

"သူတို့က အဲ့လိုမျိုးလုပ်မယ်ဆိုတော့ အမတို့ အနေနဲ့တော်တော်ဒုက္ခရောက်မှာ။ မြန်မာနိုင်ငံပြန်ဖို့က နိုင်ငံသားမှတ်ပုံတင်မရှိဘူး။ နယ်စပ်တောင် ပေါ်မှာနေတာဆိုတော့ မှတ်ပုံတင်တို့ လုပ်တာတွေမရှိဘူးလေ၊ အဲ့လိုမျိုးသာ တကယ်ဖြစ်လာမယ်ဆိုရင် နောက်ဆုံး ကမ္ဘာ့ကယ်ဆယ်ရေးကိုပဲ အားကိုးရတော့မလိုဖြစ်နေတယ်" ။

မဲဆောက်မြို့မှာလာရောက် အလုပ်လုပ်တဲ့ မစိုးစိုးကတော့ ပြန်ရမယ်ဆိုရင်လည်း သူ့မှာ နိုင်ငံသားမှတ်ပုံတင်ရှိတဲ့အတွက် ပြဿနာမရှိဘူးလို့ ပြောပါတယ်။ ထိုင်းနိုင်ငံအတွင်း တရားမဝင်လာရောက်လုပ်ကိုင်တဲ့ မြန်မာနိုင်ငံသား အားလုံး ၂ သန်း ရှိတယ်လို့ အစိုးရမဟုတ်တဲ့ အဖွဲ့တွေရော၊ ထိုင်းအစိုးရကပါ ခန့်မှန်းထားပါတယ်။ ဒီလူဦးရေ ၂ သန်းခန့်ဟာ ထိုင်းနိုင်ငံထဲကနေ မြန်မာနိုင်ငံကို ဘယ်လိုနည်းလမ်းနဲ့ပြန်ဝင်မလဲ၊ နအဖစစ်အုပ်စုအနေနဲ့ ဒီလူတွေအတွက် မှတ်ပုံတင် ချက်ချင်းထုတ်ပေးနိုင်ပဲ့မလား၊ မြန်မာနိုင်ငံကို ပြန်ခွင့်ရသည်ရှိသော် ထိုင်းနိုင်ငံမှာ ကျန်နေမယ့် လုပ်ငန်းခွင်လစ်ဟာမှု စတဲ့အထွေထွေ ပြဿနာတွေကိုတော့ ဘယ်လိုပုံစံနဲ့ဖြေရှင်းမလဲဆိုတာကို ဘယ်သူမှ တိတိကျကျ မပြောနိုင်သေးပါဘူး။

# ဓာတ်ပုံကမ်ပိန်းအတွက် နယ်အဖွဲ့ချုပ်က အဖွဲ့ချုပ်ဗဟိုကို အကူအညီတောင်း

**DVB | ဇူလိုင် ၁ ။** ။ ပြည်သူလူထုက အားပေးထောက်ခံနေတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လူထုလှုပ်ရှားမှုကို အဖွဲ့ချုပ်ဗဟိုက ကူညီထောက်ပံ့ပေးဖို့ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်က တောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံဖြန့်ဝေလှုပ်ရှားမှု တလပြည့် တဲ့ ဒီနေ့မှာ အခုလိုတောင်းဆိုလိုက်တာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံတွေကို ကျေးရွာတွေပါမကျန် လိုလိုချင်ချင်တောင်းယူနေတာကြောင့် ဓာတ်ပုံ ပြတ်လပ်မှုတွေဖြစ်ခဲ့တယ်လို့ပြောပါတယ်။ အခုအခါ ဒီလှုပ်ရှားမှုဟာ နေရာအနှံ့အပြားကို ရောက်နေပြီး လူထုရဲ့ထောက်ခံအားပေးမှုတွေအများကြီး ရရှိနေပြီလို့ မိတ္ထီလာမြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ဒီကန်ပိန်းက အောင်မြင်တယ် မြို့ပေါင်း ၄၀ နဲ့ ၅၀ ကြား ပျံ့သွားပြီလို့ ပြောလို့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့မှာလည်း ကျမတို့ပို့ခဲ့တဲ့ နေရာတွေ ချောက်၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ ထိပ်ဖြူ၊ ရေနံချောင်း၊ ပွင့်ဖြူ ထိအောင်ရောက်တယ်။ မိတ္ထီလာနားမှာ မိတ္ထီလာ၊ တောင်သာ၊ ညောင်ရွှေ၊ ဝမ်းတွင်း။ တောင်ငူဘက်ဆိုရင် တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ အုတ်တွင်း၊ ကျောက်တံတား။ ပဲခူး၊ သနပ်ပင်၊ ဝေါ။ မိုးကုတ်တို့ သပိတ်ကျင်းတို့ ထိအောင်လည်း ရောက်တယ်။ ရန်ကုန်ပိုင်းမှာ ဆိုရင် မှော်ဘီ၊ မင်္ဂလာဒုံ၊ ဒဂုံ၊ မြောက်ဥက္ကလာ၊ ထီးချောင်း၊ လှည်းကူး၊ ခရမ်း၊ သုံးခွ၊ ရွှေပြည်သာ စသည်ဖြင့်ပေါ့။"

"ကျမတို့က ကမ်ပိန်းကို စတင်လာတဲ့ လူတယောက် အနေနဲ့ ပြောရရင် အဆက်မပြတ်ပဲ ကျမတို့ ဆီကိုတောင်းတယ်။ မနေ့ကဆိုရင် ကြို့ပင်ကောက်က ဦးမိုးဆွေကနေ လှမ်းတောင်းတယ်။ ဇီးကုန်း ဒေါ်ခင်ဝိုင်းတို့ဆီကလည်း တောင်းတယ်။ ကျမတို့ဆီကပဲ ပို့ရတယ်၊ ဆိုတော့ ဒီကမ်ပိန်းဟာ အင်မတန်မှ အောင်မြင်တယ်။ အောင်မြင်နေတဲ့ ကမ်ပိန်းကို ဆက်လက်ပြီး နိုင်သလောက် လုပ်နေတဲ့အခါမှာ အဖွဲ့ချုပ်ဗဟိုအနေနဲ့ ဒီကမ်ပိန်းကို တာဝန်ယူ ဦးဆောင်ပေးမယ်ဆိုရင် အကောင်းဆုံးပဲလို့ ကျမပြောချင်ပါတယ်။"

ဒီလှုပ်ရှားမှုမှာ နယ်မြို့တွေက မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်ကို အမှီပြုလှုပ်ရှားနေသလို မန္တလေးတိုင်း တိုင်းစည်းအဖွဲ့ဝင် ဦးကိုကြီးနဲ့ မကွေးတိုင်း အဖွဲ့ချုပ် အမျိုးသမီးအဖွဲ့က ဒေါ်ခင်စောဌေးတို့ ဦးဆောင်ပြီး အင်အားနဲ့လှုပ်ရှားနေကြတယ်လို့ သိရပါတယ်။ ဒါကြောင့် တလအတွင်းမှာ ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံပေါင်း ၇ သောင်းကို မိတ္ထီလာဘက်က ဝေနိုင်ခဲ့ပြီး မန္တလေးတိုင်းက ၅ ထောင်နီးပါး ဖြန့်ဝေနိုင်ခဲ့ပါတယ်။ အဖွဲ့ချုပ်ဝင်တွေနဲ့ဆက်စပ်မှုမရှိဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ဖြန့်နေတဲ့ ပြည်သူတွေလည်း ရှိတယ်လို့ ပြောပါတယ်။ အခုဓာတ်ပုံဖြန့်ဝေမှုမှာ ရေနံချောင်းမြို့နယ်က ၅ ထောင်နီးပါးနဲ့ ပေါင်းလိုက်ရင် ၂ သိန်းနီးပါးဖြန့်ဝေနိုင်ခဲ့တယ်လို့သိရပါတယ်။

အခုလို ဒေါ်အောင်ဆန်းစုကြည်ပုံကို လိုချင်သူ များနေတာကြောင့် ပြီးခဲ့တဲ့ တပတ်တုန်းကလည်း ဓာတ်ပုံပြတ်လပ်သွားတယ်လို့လည်း မတ္တရာမြို့နယ်နဲ့ ဇီးကုန်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌတွေဖြစ်တဲ့ ဦးခင်မောင်သန်းနဲ့ ဒေါ်ခင်ဝိုင်းတို့က ပြောပါတယ်။ ပင်မ ဓာတ်ပုံဖြန့်ပေးရာ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်မှာလည်း ဓာတ်ပုံပြတ်လပ်မှုကြုံတွေ့ရတယ်လို့လည်း ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။ အခု နောက်ထပ် ဓာတ်ပုံပေါင်း ၂ သောင်းကျော် ထပ်မံစုဆောင်းနေပြီး ဆက်လက်ဖြန့်ဝေသွားမယ်လို့ဆိုပါတယ်။ ပြည်သူတွေ အားတက်သရော အားပေးနေမှုကို အဖွဲ့ချုပ်ဗဟိုအနေနဲ့လည်း ကူညီပေးစေလိုတယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

# ပင်လယ်ကွေ့ဒေသနှင့် မြန်မာ့အရေး ကမ္ဘာ့အရေး

ခင်မမမျိုး

ပင်လယ်ကွေ့ဒေသရဲ့လုံခြုံရေးနဲ့ နိုင်ငံရေးဟာ ရှုတ်ထွေးကျယ်ပြန့်ပြီး အစဉ်အမြဲလိုလို ပြောင်းလဲမှုတွေ ဖြစ်ပွားနေတတ်ပါတယ်။ ဒီလို ရှုတ်ထွေးမှုတွေဟာ ဒေသရဲ့သမိုင်းကြောင်းတွေ၊ ဘာသာရေးအကြောင်းတရားတွေ၊ လူမျိုးရေးပဋိပက္ခတွေ၊ ဒေသတွင်းနိုင်ငံများရဲ့ နိုင်ငံရေးသဘောသဘာဝတွေ ဒေသရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ အရင်းအမြစ်တွေ၊ ပြည်ပအင်အားကြီးနိုင်ငံများရဲ့ စွက်ဖက်ပါဝင်မှုတွေနဲ့ ပြည့်နှက်ပတ်သက်နေပါတယ်။ ၁၉၇၉ ခု၊ အီရန်တော်လှန်ရေးက အစပြုလို့ ဒီဒေသအတွင်းမှာ နည်းမျိုးစုံနဲ့ ပြောင်းလဲမှုတွေ ဖြစ်ပွားနေခဲ့ပါတယ်။

အရေးကြီးတဲ့ဒေသတွင်း ပြောင်းလဲမှုတရပ်ကတော့ ၂၀၀၃ ခုနှစ်၊ အီရတ်စစ်ပွဲပါဘဲ။ အီရတ်နိုင်ငံရဲ့အာဏာရှင်ကို အမေရိကန်တပ်များဦးဆောင်တဲ့ နိုင်ငံတကာက ဝင်ရောက်တိုက်ခိုက်ဖြုတ်ချပြီး ဒီမိုကရေစီစနစ် ကနဦးအစပျိုးပေးခဲ့တဲ့ ဒီစစ်ပွဲဟာ ကမ္ဘာတဝှမ်းကပြည်သူအများကို မျှော်လင့်ချက်တွေ ချန်ထားရစ်ခဲ့ပါတယ်။ အာဏာရှင်စနစ်ဆိုးဒဏ်ကို ခံစားနေကြရတဲ့ တခြားနိုင်ငံတွေက ပြည်သူတွေကလည်း တနေ့နေ့တော့ သူတို့နိုင်ငံကို အမေရိကန်တပ်တွေ ဝင်လာပေးတော့မှာဘဲဆိုပြီး ကယ်တင်ရှင်မျှော်လာခဲ့ကြပါတယ်။

ဒါပေမယ့်လည်း ကမ္ဘာပေါ်မှာအာဏာရှင်စနစ်ဆိုးဒဏ်ကို ခံစားနေကြရတဲ့နိုင်ငံတွေ အများအပြားရှိနေဆဲပါ။ နျူကလီးယားလက်နက်နဲ့ Weapons of mass destruction(WMDs) တွေ ထုတ်လုပ်နေတယ်လို့ သက်သေအထောက်အထားတွေရှိနေတဲ့ နိုင်ငံတွေကလည်း အများကြီးပါဘဲ။ ဒီနိုင်ငံတွေရဲ့ကံကြမ္မာတွေကရော ဘာကြောင့် အီရတ်လိုမဖြစ်ခဲ့သလဲ။ မဖြစ်လာသေးသလဲ။ ဒီမေးခွန်းတွေကို ဖြေဆိုနိုင်ဘို့အတွက် ပင်လယ်ကွေ့ဒေသနဲ့ ကမ္ဘာ့ရေးရာဆက်နွယ်မှုတွေကို လေ့လာဆန်းစစ်ဘို့လိုအပ်လာပါတယ်။

## ပင်လယ်ကွေ့ဒေသ

နိုင်ငံရေးပညာရှင် Kemp နဲ့ Harvey တို့က Gulf-Caspian Energy Elipse ဟာ ယနေ့ခေတ်ကမ္ဘာရဲ့ အရေးအကြီးဆုံးဒေသတခုလို့ ညွှန်းဆိုခဲ့ကြပါတယ်။ ဒီ Energy Elipse အတွင်းမှာမှ ပင်လယ်ကွေ့နိုင်ငံများက ပိုပြီးအရေးကြီးနေပါတယ်။ တကမ္ဘာလုံးရဲ့ရေနံထုတ်လုပ်မှု ၂၄ ရာခိုင်နှုန်းကျော်ဟာ ပင်လယ်ကွေ့ဒေသဖြစ်နေသလို ကမ္ဘာ့ Oil reserves ရဲ့ ၆၅ ရာခိုင်နှုန်းကျော်ဟာလည်း ဒီဒေသမှာဖြစ်နေပါတယ်။

သဘာဝဓာတ်ငွေ့မှာဆိုရင်လည်း ကမ္ဘာ့ထုတ်လုပ်မှုရဲ့ ငါးရာခိုင်နှုန်းနဲ့ ကမ္ဘာ့ Oil reserves အားလုံးရဲ့ ၃၁ ရာခိုင်နှုန်းကျော်ဟာ ပင်လယ်ကွေ့ဒေသကဖြစ်ပါတယ်။ ကမ္ဘာ့ရေနံဈေးကွက်မှာ ပင်လယ်ကွေ့ဒေသကရေနံတွေ ပုံမှန်စီးဆင်းဝင်ရောက်ဘို့လိုသလို သင့်လျော်တဲ့ဈေးနှုန်းဖြစ်ဘို့ကလည်း အရေးကြီးပါတယ်။ ဒီလိုဖြစ်ဘို့အတွက်က ပယ်လယ်ကွေ့နိုင်ငံများကို ပြင်ပကမ္ဘာက စောင့်ကြပ်ကြည့်ရှုမှုလိုအပ်တယ်လို့ နိုင်ငံပေါင်းစုံက မဟာဗျူဟာပညာရှင်များက သုံးသပ်ခဲ့ကြပါတယ်။ ဒီလိုသုံးသပ်မှုတွေအပေါ်မှာလည်း သက်ဆိုင်ရာအစိုးရများက လိုက်နာဆောင်ရွက်ခဲ့ကြပါတယ်။

ဒီအထဲမှာ အထင်ရှားဆုံးနဲ့အရေးပါဆုံးနိုင်ငံကတော့ အမေရိကန်ပြည်ထောင်စုပါဘဲ။ စစ်အေးလွန်ကာလများတလျှောက်မှာ ပင်လယ်ကွေ့ဒေသဟာ အမေရိကန်တပ်တွေရဲ့ Central command ကို Institutionalization လုပ်ခဲ့တဲ့ဒေသတခုဖြစ်သလို ပါရှန်ပင်လယ်ကွေ့တလျှောက်မှာ လှည့်လည်ပြီး ဒေသတွင်းလုံခြုံရေးကို ထိန်းသိမ်းဘို့ အမေရိကန်ရေတပ်ရဲ့ 5th fleet လဲ ပေါ်ပေါက်လာခဲ့ပါတယ်။

၁၉၉၀ ပြည့်လွန်ကာလများတွေမှာ ဒီဒေသနဲ့ပတ်သက်ပြီး အမေရိကန်ရဲ့မူဝါဒကတော့ ဒီဒေသတွင်းက နိုင်ငံကြီးနှစ်နိုင်ငံဖြစ်တဲ့ အီရန်နဲ့အီရတ်ကို Balance of power ညှိထားဘို့ဖြစ်ပါတယ်။ ဒီလိုတဘက်ကညှိထားရင် Dual containment policy ကို အကောင်အထည်ဖော်ထားခဲ့ပါတယ်။ တပြိုင်နက်တည်းမှာလည်း ဒီအင်အားကြီးနိုင်ငံနှစ်ခုရဲ့ ပါဝါကို ထိန်းညှိနိုင်ဘို့အတွက် ဒေသတွင်းတခြားနိုင်ငံများက အမေရိကန်ရေတပ်ကိုအားကိုးထားပါတယ်။

ဒီလိုလုပ်ခြင်းအားဖြင့် ဒေသတွင်းမှာ နိုင်ငံကြီးတနိုင်ငံတည်းကဘဲ အင်အားကြီးလာတာမဖြစ်နိုင်တော့ပါဘူး။ ဒီတခါမှာ ဒေသတွင်းလုံခြုံရေးဟာ တည်ငြိမ်မှုရှိလာပါတယ်။ ဒီလို ဒေသတွင်းတည်ငြိမ်မှ ကမ္ဘာ့ရေနံဈေးကွက်ကို စီးဆင်းနေတဲ့ရေနံတွေဟာ သင့်လျော်တဲ့ဈေးနှုန်းတွေနဲ့ ဆက်လက်စီးဆင်းနေမှာဖြစ်ပါတယ်။

အမေရိကန်ဦးဆောင်တဲ့တပ်များက အီရတ်စစ်ပွဲကို ဆင်နွှဲတာနဲ့ပတ်သက်ပြီး အီရတ်ရဲ့ရေနံတွေကို ခိုးယူဘို့၊ အမေရိကန်အကျိုးစီးပွားအတွက် စသဖြင့် ပြောဆိုဝေဖန်ကြတာတွေရှိပါတယ်။ မှန်တယ် မှားတယ်ဆိုတာတွေ မသုံးသပ်လိုပါဘူး။ မဟာဗျူဟာရှုထောင့်ကကြည့်ရင်တော့ အီရတ်နိုင်ငံဟာ ကမ္ဘာ့ရေနံဈေးကွက်ကို ထိန်းချုပ်ဘို့ ကြိုးစားခဲ့တာကိုတွေ့ ရှိရပါတယ်။

ပထမအကြိမ် ပင်လယ်ကွေ့စစ်ပွဲသာ မဖြစ်ခဲ့ဘူးဆိုရင် ဒီအချိန်တုန်းက နိုင်ငံတကာကသာ ဝင်ရောက်တိုက်ခိုက်မှု မပြုခဲ့ဘူးဆိုရင် ပင်လယ်ကွေ့ဒေသ oil reserves တွေကို ထိန်းချုပ်နိုင်ခွင့်ပါဝါဟာ ဆာဒန်ဟူစိန်လက်ထဲကို ကျရောက်ခဲ့ပြီးသား ဖြစ်ခဲ့ပါလိမ့်မယ်။

ဒီလိုနဲ့ ပင်လယ်ကွေ့စစ်ပွဲပြီးသွားတဲ့ ကာလနောက်ပိုင်း ရောက်လာတဲ့အခါမှာလည်း အီရတ်ဟာ ကမ္ဘာ့ရေနံဈေးကွက်အတွက် ခြိမ်းခြောက်နေဆဲဘဲဖြစ်နေခဲ့ပါတယ်။ အီရတ်လက်ထဲကို weapons of mass destruction ရောက်သွားခဲ့ရင် အီရတ်ဟာဒေသတွင်း အင်အားကြီးနိုင်ငံ ဖြစ်လာနိုင်ပါတယ်။

အရှေ့အလယ်ပိုင်းဒေသကို လွှမ်းမိုးချုပ်ကိုင်လာနိုင်မယ်။ ရေနံဈေးကွက်ကို ကစားနိုင်လာပါမယ်။ ဒီအခါမှာ ဒီဒေသရဲ့ရေနံကိုမှီခိုနေရတဲ့ အာရှပစိဖိတ်ဒေသနဲ့ ဥရောပတိုက်ရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ တိုးတက်ဖွံ့ဖြိုးရေးကို ထိခိုက်လာနိုင်ပါတယ်။ အာရှပစိဖိတ်ဒေသထဲကို တင်သွင်းနေတဲ့ရေနံပမာဏရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဟာ အရှေ့အလယ်ပိုင်းဒေသကဖြစ်ပါတယ်။ ပင်လယ်ကွေ့ဒေသကထုတ်လုပ်တဲ့ ရေနံပမာဏစုစုပေါင်းရဲ့ ၂၅ ရာခိုင်နှုန်းကို ဥရောပက သုံးစွဲနေပါတယ်။

တကယ်တော့ ကမ္ဘာ့ရေနံဈေးကွက်က ရေနံဈေးနှုန်းဟာ ဆင်းရဲနွမ်းပါးတဲ့နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေနိုင်ပါတယ်။ ရေနံဈေးတွေ ကမ္ဘာ့ဈေးကွက်မှာ မြင့်တက်လာတဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံအစိုးရများက subsidies လုပ်ပေးရပါတယ်။ အဲဒီအခါမှာ တခြားပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ အသုံးပြုနိုင်တဲ့ပမာဏလျော့ကျသွားပါတယ်။ နိုင်ငံတွင်း ကုန်ဈေးနှုန်းတွေမြင့်တက်လာမယ်၊ နိုင်ငံရေးမတည်ငြိမ်မှုတွေဖြစ်လာနိုင်မယ်။ ဒါကြောင့်လည်း ပင်လယ်ကွေ့ဒေသဟာ အမေရိကန်တင်မက ကမ္ဘာတဝှမ်းလုံးအတွက် အရေးကြီးတဲ့ဒေသတခုဖြစ်နေတာဖြစ်ပါတယ်။ ဒီနေရာမှာ ၂၀၀၃ ခု၊ အီရတ်စစ်ပွဲ မှန်တယ် မှားတယ် ကျမသုံးသပ်ပြော ဆိုနေတာမဟုတ်ပါဘူး။

၉/၁၁ အပြီးမှာ အမေရိကန်ရဲ့နိုင်ငံခြားရေးမူဝါဒကို pre-emption policy က လွှမ်းမိုးလာခဲ့ပါတယ်။ dual containment မူဝါဒကို ထောက်ခံမှုတွေကအားနည်းလာခဲ့တယ်။ စီးပွားရေးပိတ်ဆို့မှု မူဝါဒတွေကမထိရောက်ခဲ့ဘူး။ အပြည်ပြည်ဆိုင်ရာလုံခြုံရေးမှာ terrorism ရဲ့ ခြိမ်းခြောက်မှုတွေက အားကြီးလာတယ်။ ဒီလိုအခြေအနေမှာ မဟာဗျူဟာရှုထောင့်ကကြည့်ရင် pre-emption နဲ့ nation-building ပေါ်လစီတွေကသာ အမေရိကန်အတွက် ရွေးချယ်သင့်တဲ့ပေါ်လစီတွေ ဖြစ်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် statism, survival, self-help ဆိုတာတွေအပေါ်မှာ အခြေခံတဲ့ realism ဝါဒရှုထောင့်က ကြည့်မယ်ဆိုရင်တော့ ဝေဖန်စရာတွေပေါ်လာမှာ ဖြစ်ပါတယ်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

# စစ်ပြေးဒုက္ခသည်များအတွက် ယာယီဒုက္ခသည်စခန်း ထိုင်းက ဖွင့်လှစ်တော့မည်

**KIC ၊ ဂျွန် ၃၀ ။** ။ နယ်စပ်တိုက်ပွဲကြောင့် ထွက်ပြေးရောက်ရှိလာတဲ့စစ်ပြေးကရင်ဒုက္ခသည်များအတွက် ထိုင်း–မြန်မာနယ်စပ်ရှိ ထီးလူခို့ဒေသမှာ ယာယီဒုက္ခသည် စခန်းတခုဖွင့်လှစ်ရန် ထိုင်းအာဏာပိုင်များနဲ့ ကူညီစောင့်ရှောက်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများက စီစဉ်နေပြီဖြစ်ကြောင်းသိရှိရပါတယ်။

ထိုင်းနိုင်ငံ တာ့ခ်ခရိုင်၊ ထာ့ဆောင်ယန်းမြို့နယ်ရှိ နိုဘိုး၊ အူးသူးထာ့၊ မဲ့တရိကျေးရွာများမှာ ရောက်ရှိနေထိုင်ကြတဲ့ ကရင်ဒုက္ခသည်များကို ထီးလူခို့မှာ ပြောင်းရွှေ့နေရာချထားရန် ထိုင်းအာဏာပိုင်တို့ရဲ့ အကြံပေးမှုနဲ့ ယူအဲန်အပါအဝင် တီဘီဘီစီနှင့်သက်ဆိုင်ရာ အမ်ဂျီအိုအဖွဲ့များက အဆိုပါနေရာကို သွားရောက်ကြည့်ရှုလေ့လာပြီး ယာယီစခန်းဖွင့်ရန် စီစဉ်နေခြင်းဖြစ်တယ်လို့ ကရင်လူမှုအဖွဲ့အစည်းများ အရေးပေါ်ကူညီစောင့်ရှောက်ရေး ကော်မတီ (ကေစီဘီအိုအီးအာရ်စီ) အတွင်းရေးမှူး နော်ဖောဂေခူက ပြောပါတယ်။

“အဲဒီယာယီစခန်းကို ထာ့ဆောင်ယန်းမြို့နယ် ထီးလူခို့ဆိုတဲ့နေရာမှာထားဖို့ ထိုင်းစစ်တပ်က အကြံပေးတော့ ယူအဲန် အပါအဝင် တီဘီဘီစီတို့နဲ့အခြား အမ်ဂျီအိုအဖွဲ့တွေက နေရာသွားကြည့်ကြတယ်။ အဲဒီနေရာက မဲ့အူရုရွာဘက်ကိုသွားတဲ့လမ်းမှာ။ အရင်က တိုက်ပွဲဖြစ်ရင် ရွာသားတွေ ယာယီခိုလှုံခဲ့ဖူးတဲ့ ခလယ့်ခို့စာသင်ကျောင်းရှိခဲ့တဲ့နေရာပေါ့။ ဒုက္ခသည်တွေ နေရေးထိုင်ရေးအတွက် အခုစတင်ဆောင်ရွက်နေပြီ”။

ယင်းသို့နေရာချထားရန်အတွက် လွန်ခဲ့သည့် ဇွန်လ ၂၄ ရက်နေ့က ယာယီဒုက္ခသည်စခန်းဖွင့်လှစ်မယ့် ထီးလူခို့နေရာကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်လေ့လာခဲ့ပြီးနောက် ဒုက္ခသည်များ ပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် အိုးအိမ်များနှင့် အခြားလိုအပ်ချက်များကို ပြင်ဆင်လုပ်ဆောင်လျှက်ရှိရာ ဇူလိုင်လဆန်းပိုင်းတွင် စတင်ပြောင်းရွှေ့မည်ဟု ဒေသခံ မဲ့အူရုရွာသားစောဆာ့ကလိုက ကရင်သတင်းစဉ်ကို အခုလို ပြောပါတယ်။

“ဒုက္ခသည်တွေ အခု မပြောင်းရသေးဘူး။ အခုချိန်မှာ တာလပတ်အမိုးနဲ့ပြုလုပ်ထားတဲ့အိမ်တွေ၊ တချို့ဖက်မိုးနဲ့ပေါ့ ဆောက်လုပ်နေဆဲပဲ။ ပြီးတော့စာသင်ကျောင်းဆောင်အဟောင်းတွေ ရှိတယ်။ အဲဒါကို ပြန်ပြင်တယ်။ အထူးသဖြင့် နိုဘိုးဘုန်းကြီးကျောင်းမှာနေတဲ့ ဒုက္ခသည်တွေကို အရင်ပြောင်းပေးမယ်လေ။ ဘုန်းကြီးကျောင်းမှာက ဝါဝင်နေပြီဆိုတော့ အလှူအတန်းတွေလည်း လုပ်ရတော့မယ်။ ဒါကြောင့် ဆက်နေဖို့ အဆင်မပြေတော့ ဘူး”။

ထိုင်းဘက်ခြမ်းမှာ နေရာပြန့်နှံ့ကာရောက်ရှိနေတဲ့ စစ်ပြေးဒုက္ခသည် ၄၀၀၀ နီးပါးကို အဆိုပါစခန်းသစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ပေးသွားမည်ဖြစ်သော်လည်း ထိုနေရာတွင် ကျောက်ဆောင်များ၊ သစ်ပင်ဝါးပင်များ ထူထပ်ပြီးနေရာကျဉ်းတဲ့အတွက် တချို့ဒုက္ခသည်များက သွားရောက်နေထိုင်ရမှာကို မလိုလားကြောင်း သိရှိရပါတယ်။

လွန်ခဲ့တဲ့ ဇွန်လ ၂ ရက်နေ့မှစလို့ ဒီကေဘီအေနှင့် နအဖတပ်များဟာ ကေအဲန်ယူ တပ်မဟာ ၇ နယ်မြေကို အပြင်းအထန် ထိုးစစ်ဆင်လာရာမှ အဲဒီဒေသအတွင်းရှိ ရွာပေါင်း(၂၀)နီးပါးမှ ရွာသူရွာသားများ မဲဆောက်မြို့မြောက်ဖက်မဲ့သဝေါနဲ့ မဲ့တန်အကြားရှိ အူးသူးထာ့၊ နိုဘိုး၊ မဲ့တရိနဲ့သလေ့ထာ့ အရေးပေါ်ယာယီနေရာချထားရေးစခန်းများမှာ ရောက်ရှိခဲ့ကြပြီး ထိုင်းအခြေစိုက် NGO အဖွဲ့များ၊ ကရင်လူမှုအဖွဲ့အစည်းများနဲ့ ထိုင်း ကျန်းမာရေးဌာနများမှ ကူညီစောင့်ရှောက်ပေးနေရှိကြောင်း သိရှိရပါတယ်။

---

# နယ်ခြားစောင့်တပ်ပြောင်းရေး ဆွေးနွေး

**DVB ၊ ဂျူလိုင် ၂ ။** ။ နအဖစစ်အုပ်စုရဲ့နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရေးကို လက်မခံနိုင်ကြောင်း ငြိမ်းချမ်းရေးအဖွဲ့တွေ မနေ့က ထပ်မံဆွေးနွေးကြပါတယ်။

ရှမ်းပြည် အရှေ့ပိုင်းရှိ ဦးစိုင်းလင်းခေါင်းဆောင်တဲ့ မိုင်းလားအထူးဒေသ ၄ မှာ စစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့တဲ့ နှစ် ၂၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ရင်း အခုလိုတွေ့ဆုံဆွေးနွေး ပြောဆိုကြတာလို့ ငြိမ်းချမ်းအဖွဲ့တခုက ပြောပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့တွေဖြစ်ကြတဲ့ ကိုးကန့်၊ ဝ၊ ရှမ်းပြည်တပ်မတော်မြောက်ပိုင်း၊ ဒီမိုကရက်တစ် တပ်မတော်–ကချင်ပြည်၊ ပအိုဝ့်အမျိုးသားအဖွဲ့မှ ထိပ်ပိုင်းခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးကြတာလို့ ပြောပါတယ်။ နယ်ခြားစောင့်တပ်ဆိုတာကို လက်မခံနိုင်ကြောင်း ထပ်မံပြောဆိုတဲ့အတွက် ထိပ်တိုက်ရင်ဆိုင်လာမယ့် နှစ်ဖက် တင်းမာမှုကိုလည်း ပြင်ဆင်ထားတယ်လို့ အမည်မဖော်လိုတဲ့ ငြိမ်းအဖွဲ့ခေါင်းဆောင်တဦးက ပြောပါတယ်။

ဒီအထဲမှာ စခုန်တိန့်ရိန်းဦးစီးတဲ့ ဒီမိုကရက်တစ်တပ်မတော်–ကချင်ပြည် NDAK နဲ့ ပအိုဝ်း အမျိုးသားအဖွဲ့ PNO တို့ကတော့ နယ်ခြားစောင့် အသွင်ပြောင်ရေးကို လက်ခံထားပေမယ့် မလွှဲမရှောင်သာလို့ လက်ခံရတာလို့ သူတို့ကပြောပါတယ်။ ဒါနဲ့ ပတ်သက်ပြီး NDAK နဲ့ ပအိုဝ်းအဖွဲ့ကို ဆက်သွယ်လို့မရသလို NDAK တပ်မဟာ ၄ ရဲ့ ဥက္ကဋ္ဌဦးထုမနော်က နေပြည်တော်ကို ခရီးထွက်သွားတာကြောင့် ဖြေကြားမယ့်သူ မရှိဘူးလို့ပြောပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့တွေဟာ ၁၉၉၀ ဝန်းကျင်လောက်ကစပြီး စစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ထိုးကြတာဖြစ်ပြီး အဲဒီအဖွဲ့တွေကတော့ ဝ၊ ကိုးကန့်၊ ရှမ်း(မြောက်ပိုင်း)၊ ပအိုဝ့်၊ မွန်၊ ကချင်အဖွဲ့တွေနဲ့ တခြားတိုင်းရင်းသားလက်ကိုင်အဖွဲ့ငယ် ၁၀ ဖွဲ့ကျော်ဖြစ်ပါတယ်။

---

# နအဖကို ဖိအားပေးရန် ဘန်ကီမွန်းကိုတိုက်တွန်း

**DVB ၊ ဂျူလိုင် ၁ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေနဲ့ နအဖစစ်အုပ်စုအား ဒီထက်မက ပိုမိုဖိအားပေးဖို့တိုကျိုရှိ မြန်မာတွေက ဒီနေ့ ဆန္ဒပြကြောင်း AFP သတင်းအရ သိရပါတယ်။

လူအင်အား ၁၀၀ ကျော်ပါဝင်တဲ့ ဂျပန်ရောက်မြန်မာနိုင်ငံသားတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံတွေကိုင်၊ ဒီမိုကရေစီအရေး ကြွေးကြော်သံတွေနဲ့ အော်ဟစ်ဆန္ဒပြတာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်အောင် သူ့ရဲ့ ရန်ကုန်ခရီးစဉ်အတွင်း ဆောင်ရွက်ပေးဖို့ တောင်းဆိုကြတာဖြစ်ပါတယ်၊ သိသာထင်ရှားတဲ့တိုးတက်မှုမြင်ရမှ မြန်မာနိုင်ငံကို သွားမယ်လို့ ဘန်ကီမွန်းက ပြောဖူးတာကြောင့် နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးကို သိသာတဲ့ အချက်တခုအဖြစ် ခုလိုတောင်းဆိုရတာပါလို့ ဆန္ဒပြပွဲမှာ ပါဝင်သူကိုမြတ်သူက ပြောပါတယ်။ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ အခု ဂျပန်နိုင်ငံကို ရောက်နေပြီး သောကြာနေ့မှာ ရန်ကုန်နဲ့ နေပြည်တော်ဆီ ၂ ရက်ကြာ ခရီးသွားဖို့စီစဉ်ထားတာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးနဲ့အတူ မနေ့က ပြုလုပ်တဲ့သတင်း စာရှင်းလင်းပွဲမှာ မစ္စတာ ဘန်ကီမွန်းက ရန်ကုန်ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အားလုံးပါဝင် ဆွေးနွေးရေးနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို အားလုံးလက်ခံနိုင်အောင် ပြင်ဆင်ရေးကိစ္စတွေကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပါအဝင် စစ်အုပ်စုထိပ်တန်းခေါင်းဆောင်တွေနဲ့ ဆွေးနွေးမယ်လို့ပြောပါတယ်။ ဒ့ါအပြင် နာဂစ်ဒုက္ခသည် ကူညီရေးကိစ္စကိုလည်း ဆွေးနွေးမယ်လို့ ဆိုပါတယ်။ နိုင်ငံရေးခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ၊ အင်ဂျီအိုတွေနဲ့လည်း ရနိုင်သမျှဆွေးနွေးမှာဖြစ်တယ်လို့ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းကပြောဆိုခဲ့ကြောင်း ကုလသမဂ္ဂ ရန်ကုန်ရုံးခွဲ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

# မလေးရှားနိုင်ငံ စမုန်ညင်း ထိန်းသိမ်းရေးစခန်းမှာ မြန်မာနိုင်ငံသားတွေ ဆန္ဒပြ

**DVB | ဂျူလိုင် ၂။** ။ မလေးရှာနိုင်ငံ စမုန်ညင်းထိန်းသိမ်းရေးစခန်းမှာ မနေ့ညက စခန်းအာဏာပိုင်တွေနဲ့ အကျဉ်းသားတွေ အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး မျက်ရည်ယိုဗုံး သုံးတဲ့အဆင့်အထိ ဖြစ်သွားရပါတယ်။

မလေးရှာနိုင်ငံ စလန်ကွမ်းမြို့နယ် စမုန်ညင်း ထိန်းသိမ်းရေးစခန်းမှာ မနေ့ည ၈ နာရီလောက်က ဆူပူမှုစတင်ဖြစ်ပွားခဲ့တာပါ။ ဆူပူမှုဖြစ်ပွားရတဲ့ အကြောင်းအရင်းနဲ့ပတ်သက်ပြီး လက်ရှိစခန်းတွင်းမှာ ထိန်းသိမ်းခံနေရတဲ့ ကိုသန့်ဇင်က ပြောပါတယ်။

"ဘယ်က စဖြစ်လဲဆိုတော့ အဲ့ဒီနေ့က ဆေးခန်းခေါ်တော့ အေဆောင်ကဆေးခန်းသွားကြတယ်။ ဆေးခန်းသွားတာ မြန်မာလူမျိုး လူနှစ်ယောက် ပိုရမလားဆိုပြီး လဝကက စိတ်ဆိုးပြီး အခန်းထဲကိုထည့်၊ မျက်နှာကို လက်သီးနဲ့ထိုးတယ်။ မျက်လုံးဆိုရင် သွေးခြေဥသွားတယ်။ နောက် အဆိုးဆုံးက ဆေးလိပ်မီးနဲ့ ထိုးတယ်။ အဲ့ဒီ ပြဿနာကစပြီး နောက်တရက်မှာ ကျနော်တို့က ပုံစံမထိုင်ဘဲ စပြီး ဆန္ဒပြတယ်။ "မနေ့ညက ယူအန်ကနေ လာထုတ်တယ်ဆိုပြီး တဆောင်ကို အယောက် ၂၀ စီခေါ်တယ်။ အေ၊ ဘီ၊ စီက လူတွေက လုံးဝ လိုက်မသွားဘူး။ ဒီဆောင်က လူတွေက ၁၇ ယောက်လိုက်သွားတယ်။ ထောင်ကား ပေါ်တင်တဲ့ အချိန်မှာ ဒီဆောင်က လူတွေက 'ငါတို့ကို လိမ်သွားပြီဟေ့၊ ငါတို့ကို ရိုက်နေပြီဟေ့' လို့ အော်တယ်။ အဲ့ဒီအချိန်မှာ ကားက မောင်းပြေးတယ်။ ဒီဆောင်ကလူတွေက သူတို့လူတွေကို ပြန်တောင်းရင်းနဲ့ စပြီး အဓိကရုဏ်းဖြစ်တာ။"။

စမုန်ညင်း ထိန်းသိမ်းရေးစခန်းမှာ အဆောင် ၅ ဆောင်ရှိပြီး အေ၊ ဘီ၊ နဲ့ ဒီအဆောင်က လူတွေကို လာခေါ်သွားတာလို့ သူကပြောပါတယ်။ ဆူပူမှုဖြစ်နေချိန် စခန်းတွင်း ဉည့်တွေဆွဲပြီး နောက်ပိုင်း သေနတ်ကိုင်လုံခြုံရေးရောက်လာပြီး မိုးပေါ် သေနတ်ထောင်ပစ်သလို အကျဉ်းသားတွေထဲကို မျက်ရည်ယိုဗုံး ပစ်ခဲ့တဲ့အတွက် အကျဉ်းသား ၈ ဦး ထိခိုက်ဒဏ်ရာရသွားတယ်လို့ ကိုသန့်ဇင်က ပြောပါတယ်။

"အဓိကရုဏ်းဖြစ်နေချိန်မှာ လဝကနဲ့ အရင်ဆုံး ထိပ်တိုက်ဖြစ်တယ်။ နောက်ပိုင်းမှာ လုံထိန်းလို့ခေါ်မလား မသိဘူး။ သူတို့တွေ သေနတ်တွေနဲ့ရောက်လာကြတယ်။ ရဲတွေလည်းရောက်လာပြီး ပတ်လည်ကို ဝိုင်းထားတယ်။ မီးသတ်ကား ၅ စီး ရောက်လာတယ်။ ပတ်လည်မှာ စစ်တပ်တွေ ချထားတဲ့အချိန်မှာ ကျနော်တို့ သိပ်မမြင်ရဘူးဗျ။ နောက်ပိုင်း သေနတ်တွေ မိုးပေါ်ထောင်ပစ်တယ်၊ မျက်ရည်ယိုဗုံးတွေ ဖ လုံး၊ ၇ လုံးလောက် ခွဲပစ်လိုက်တယ်။ ထိခိုက်ဒဏ်ရာ ရတာကတော့ ရှိတာပေါ့ဗျ။"

သေနတ်တွေ မိုးပေါ်ထောင်ပစ်ပြီး မျက်ရည်ယိုဗုံးတွေ ခွဲနေတဲ့အချိန်မှာ ဘူဒရာဂျာရာဆိုတဲ့ တယောက်က ကြောက်လန့်တကြား ထွက်ပြေးရာမှာ သွပ်ပြားရှပြီး ထိခိုက်ဒဏ်ရာ ကြီးကြီးမားမားရရှိကာ ဆေးရုံပို့လိုက်ရတယ်လို့လည်း ဆိုပါတယ်။ ဒီနေ့မနက်မှာ ကွာလာလမ်ပူမှာရှိတဲ့ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး UNHCR အရာရှိက ရောက်လာပြီး လဝကနဲ့အစည်းအဝေးလုပ်ကာ မြန်မာလူမျိုးတွေကို ဒုက္ခသည် ဟုတ်မဟုတ် လာမယ့်တနလ်ာနေ့မှာ စစ်ဆေးမှာလို့ ကိုသန့်ဇင်က ပြောပါတယ်။

"တနလ်ာနေ့က စပြီးတော့ ယူအန်က ၄ ရက် လာမယ်။ မြန်မာလူမျိုးတွေကို အင်တာဗျူးလုပ်မယ်။ ယူအန်ကနေ အသိအမှတ်ပြုတဲ့ ဒုက္ခသည်မဟုတ်ရင် ထိုင်းနယ်စပ်ကို ပြန်ပို့ဖို့ လဝကကို ဖိအားပေးမယ်လို့ ပြောတယ်။ ခုလက်ရှိ အနေအထားကတော့ အဆောင်တိုင်းမှာ၊ ဘေးပတ်ဝန်းကျင် ခြံစည်းရိုး ပတ်ပတ်လည်မှာ အစောင့်တွေရှိတယ်။"

စမုန်ညင်း ထိန်းသိမ်းရေးစခန်းမှာ တရားမဝင်နေထိုင်မှုနဲ့ ဖမ်းဆီးခံထားတဲ့ နိုင်ငံစုံက အကျဉ်းသား ၂,၀၀၀ ကျော် ရှိပြီး အဲဒီအထဲမှာ မြန်မာနိုင်ငံသား ၇၀၀ ကျော်ရှိတယ်လို့ဆိုပါတယ်။ မြန်မာအကျဉ်းသားတွေဟာ ပြစ်ဒဏ်ကာလ လွန်မြောက်ပေမယ့် ကိုယ့်နိုင်ငံကို ပြန်မပို့ဘဲ ဖ လထက်မနည်း အဲဒီ စခန်းမှာဆက်လက်ထိန်းသိမ်းခံနေရတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (LA မလေးရှား) ဌာနခွဲရဲ့ရုံးတာဝန်မှူး ကိုဇော်မြင့်ကပြောပါတယ်။ ထိန်းသိမ်းခံရတဲ့ မြန်မာတွေထဲက တချို့ဟာ UNHCR အထောက် အထားရှိသူဖြစ်ပြီး UNHCR နဲ့တွေ့ခွင့်မပေးသလို နိုင်ငံကို ပြန်မပို့ဘဲ ကြာရှည်စွာထိန်းသိမ်းထားတဲ့အတွက် ပြီးခဲ့တဲ့ မေလ ၁၉ ရက်နေ့က ၃ ရက် ကြာ အစာတော်ခံဆန္ဒပြခဲ့ပါသေးတယ်။

# ရေနံစိမ်းအိတ်ပျောက်မှု အပြစ်မဲ့သူ ၄ ဦးကို နအဖက ဖမ်းဆီးနှိပ်စက်

**DVB | ဂျူလိုင် ၂။** ။ ရေနံစိမ်းအိတ် ပျောက်ဆုံးမှုနဲ့ပတ်သက်ပြီး ရေနံချောင်းမြို့နယ် ရဲဝန်ထမ်းတွေက အပြစ်မဲ့ရွာသား ၄ ဦးကို ဖမ်းဆီးနှိပ်စက်ခဲ့တယ်လို့ ကာယကံရှင်တွေကိုယ်တိုင်က ပြောပါတယ်။

ပြီးခဲ့တဲ့ မေ ၂၇ ရက်နေ့က ဖမ်းဆီးမိတဲ့ ရေနံစိမ်းအိတ် ၃၆ အိတ်နဲ့ ပတ်သက်ပြီး ခရိုင် ဒုရဲမှူးသူရသွင်ကိုကိုက တရားခံကို ရှာဖွေဖော်ထုတ်ဖမ်းဆီးဖို့အမိန့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒါကို တိတိကျကျ စုံစမ်းစစ်ဆေးမှုမရှိဘဲ အပြစ်မရှိတဲ့ ဘေးမဲ့ရပ်ကွက်မှာနေထိုင်သူ ရွာသား ကိုငွေဇော်ဝင်း၊ ကိုကျော်ကြီး၊ ကိုမူတူး ခေါ် ကိုလိုင်ကိုဦးနဲ့ မလှလှဝင်းတို့ကို ဇွန် ၁၅ ရက်နေ့ညက ဖမ်းဆီးခဲ့တာပါ။ အခု တရားခံတွေထဲက ၂ ဦးကို ဖမ်းမိခဲ့လို့ သူတို့ ပြန်လွတ်လာပေမယ့် ဖမ်းဆီးစဉ်ညက နှိပ်စက်ခံရပုံကို ကိုယ်တိုင်ခံရသူတွေက ပြောပါတယ်။

"စခန်းမှူးက စစ်တယ်။ ရေနံစိမ်းအိတ်နဲ့ ပတ်သက်လို့ပါဝင်ပတ်သက်မှုရှိလားလို့မေးတယ်။ ကျနော်တို့က မရှိပါဘူးလို့ ဖြေတော့ သိတဲ့သူပြောလို့ လို့ ပြောတယ်။ ကျနော်တို့ ငြင်းတော့ ရက်ရက်စက်စက် ရိုက်နှက် နှိပ်စက်တယ်။ ခြေထောက်တွေကို တုတ်တွေနဲ့ နင်းပြီးတော့ ရိုက်တယ်။ ယောက်ျားအင်္ကျီပေါ်ကို ဖယောင်းတိုင် မီးစက်တွေနဲ့ချတယ်။ မျက်လုံးကို ပိတ်ပြီးတော့ အကြမ်းနည်းမျိုးစုံ သုံးပြီးရိုက်ပါတယ်။"

"မျက်နှာတွေ နားတွေကို အဝတ်တွေစည်းပြီးတော့ ညှပ်ရိုက်ခံရတယ်။ ရင်ဘတ်တွေ အရိုက်ခံရတယ်၊ လေးဘက်ကုန်းခိုင်းပြီး နောက်ကျောကို တံထောင်တွေနဲ့ထောင်းတယ်။ အရက်မူးလာရင်လည်း နှိပ်စက်ခံရပါတယ်။ ပါးစပ်ထဲ အရက်ဇွတ်တိုက်ပြီးတော့လည်း နှိပ်စက်ခံရပါတယ်။"

အခုဖမ်းဆီး နှိပ်စက်မှုမှာ မြို့နယ်ရဲစခန်းမှူး ရဲအုပ်တေဇာကျော်ဝင်း ဦးဆောင်ပြီး ဒုရဲအုပ်ကျော်စိုးထိုက်၊ ဒုရဲအုပ် စိုးသီဟ၊ တပ်သားတွေဖြစ်တဲ့ ထူးလွင်နဲ့ရိုးမကျားခေါ် မောင်ချမ်းမြေ့တို့က အလှည့်ကျ စစ်ဆေးနှိပ်စက်ခဲ့တာဖြစ်ပါတယ်။ သူတို့ကို ၁၀ ရက်ကြာ ဖမ်းဆီးထားတာလို့ပြောပါတယ်။ အခု ဖမ်းဆီးထားတဲ့ တရားခံတွေကလည်း ဘေးမဲ့လေသာကွင်း ရပ်ကွက်က ဦးလှအောင်နဲ့ ကိုချစ်လွင်တို့ဖြစ်ပြီ ဒီအမှုမှာ ၁၇ ဦး ပါဝင် ပတ်သက်နေတယ်လို့ပြောပါတယ်။ ရဲဝန်ထမ်းတွေက အမှုမှန်ပေါ်အောင် မဖော်နိုင်ပဲ တရားမဲ့ဖမ်းဆီးနှိပ်စက်တဲ့အပေါ် ရေနံချောင်းမြို့မှာ ဝေဖန်ပြောဆိုနေကြပြီးဒီလို ခိုးထုတ်နိုင်တာကလည်း ဝန်ထမ်းတွေသာ ဖြစ်တယ်လို့ မြို့ခံတဦးက ထောက်ပြပါတယ်။

"ရေနံချောင်းရေနံမြေမှာ ရေနံခိုးတယ်ဆိုတာ မရှိဘူး၊ ခိုးလို့လည်း မရဘူး။ ရေနံချောင်း ရေနံမြေမှာ အတွင်းစည်းက လုံခြုံရေးတပ်သားတွေ၊ တွင်းတာဝန်ကျဝန်ထမ်းတွေရှိတယ်။ အပြင်မှာကျ စစ်တပ်ရှိတယ်။ ဝန်ထမ်းက ရောင်းတယ်။ သက်ဆိုင်ရာ အဆင့်ဆင့်ကလည်း လိုင်းကြေးယူပြီး ခွင့်ပြုထားတယ်။ ရပ်ကွက်ထဲမှာဆို စခန်းအလိုက် ရဲကြေးကောက်တဲ့သူတွေ၊ ခလရ ၇၇ ကြေးကောက်တဲ့သူတွေ၊ အက်စ်ဘီကြေး ကောက်တဲ့သူတွေ ရှိတယ်။ သက်ဆိုင်ရာတွေနဲ့ အကုန်လုံး ဝေမျှစားနေတာ။ ပြဿနာဖြစ်တော့မှ ကျနော်တို့ ရပ်ကွက်က လူတွေက ကိုယ့်အိမ်မှာတောင် မအိပ်ရဲ၊ မနေရဲဘဲ နေရတဲ့အဖြစ် ဖြစ်သွားတယ်။ မဆိုင်တဲ့ သူတွေလည်း နှိပ်စက်ခံခဲ့ရတယ်၊ ရဲတပ်ဖွဲ့ရဲ့ လုပ်ပုံကိုင်ပုံကို တရပ်ကွက်လုံးက လုံးဝကို မနှစ်မြို့ဘူး။"

ရေနံစိမ်းတွေကို အရင်ကလို ပုံးနဲ့ထည့်တာ မဟုတ်တော့ဘဲ ပလပ်စတစ်အိတ် အထပ်ထပ်ထုပ်တဲ့အပြင် ပီနန်အိတ်နဲ့ထည့်တဲ့အတွက် သယ်ပိုးရတာ လွယ်ကူနေတယ်လို့လည်း မြို့ခံတဦးက ပြောပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 430 Jun 1, 2009



# အဖွဲ့ချုပ် အဖွဲ့ဝင်တဦး အပါအဝင် ၂ ဦး သောကြာနေ့က အဖမ်းခံရ

**DVB၊ ဂျွန် ၂၉။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် တဦးအပါအဝင် ၂ ဦး သောကြာနေ့ညက ဖမ်းဆီးခံလိုက်ရတယ်လို့ ကာယကံရှင်တွေရဲ့ မိသားစုဝင်တွေက ပြောပါတယ်။

အဖမ်းခံရသူ ၂ ဦးကတော့ မြောက်ဥက္ကလာပမြို့နယ် အဖွဲ့ချုပ်ဝင် ကိုနိုင်ငံလင်းနဲ့ ကျောက်မြောင်းက သူ့သူငယ်ချင်း ကျော်ကျော်တို့ ဖြစ်ပါတယ်။ ကျောက်မြောင်း အင်တာနက်ဆိုင် တဆိုင်ကနေ သူတို့ ၂ ဦးကို အာဏာပိုင်တွေက လာခေါ်သွားတာဖြစ်တယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။ အခု သူတို့ ၂ ဦးကို အောင်သပြေ စစ်ကြောရေးစခန်းမှာ ထိန်းသိမ်းထားပြီး မနေ့က ကျောက်မြောင်းရှိ ကျော်ကျော်တို့အိမ်ကို လာရှာသွားတယ်လို့ ကိုနိုင်ငံလင်းရဲ့ ဇနီးမခင်စန္ဒာဝင်းက ပြောပါတယ်။

"သောကြာနေ့ကတည်းက ပျောက်နေတာ။ ညီမက ဗိုက်ကြီးနဲ့ နေ့စေ့လစေ့ ဆိုတော့ ဘယ်အချိန်ပဲ ဖြစ်ဖြစ် သူ ဖုန်းဆက်တယ်လေ။ ဖုန်းလုံးဝ မဆက်ဘူးဆိုကတည်းက သူတို့ ဖမ်းသွားပြီဆိုတာ ကျမ ထင်လိုက်တယ်။ စနေနေ့မနက်မိုးလင်းတော့ ရဲစခန်းတွေ အကုန်လိုက်စုံစမ်းတာ သူတို့က မဖမ်းဘူး ဆိုတာချည်းပဲလိမ်ပြောတယ်။ တကယ်တမ်းက သောကြာနေ့ ည ၈ နာရီခွဲလောက်ကတည်းကဖမ်းတာ။ မနေ့က ကျော်ကျော်တို့အိမ်ကို အာဏာပိုင်အဖွဲ့အစည်းကလာရှာကြတယ်။ ကျောက်မြောင်းက သူ့အစ်မအိမ်ကို လာဝင်ရှာသွားတယ်။ ကျော်ကျော်ဘယ်မှာလဲ မေးတော့ အောင်သပြေစစ်ကြောရေးမှာ ရောက်နေတယ်တဲ့။ ခုအချိန်အထိ ညီမအိမ်ကို လာရှာဖွေတာ၊ လာမေးတာတော့ မရှိဘူး။ အကြောင်းကြားတာလည်း မရှိသေးဘူး။"

အာဏာပိုင်တွေက ခေါ်ယူ စစ်မေးရလောက်အောင် သူ့ခင်ပွန်း အနေနဲ့ ဘာမှလုပ်ထားတာ မရှိဘူးလို့လည်း မခင်စန္ဒာဝင်းက ပြောပါတယ်။

"ခုဟာကလေ အန်အယ်လ်ဒီတွေ အကုန်လုံးကို ဖမ်းနေတာဆိုတော့ လူငယ်တွေ အကုန်လုံးကို လုပ်လုပ် မလုပ်လုပ် ဖမ်းမှာပဲ၊ သူက အခုလက်ရှိလုပ်နေတာဆိုလို့ ရုံးမှာ စာသင်တာပဲရှိတယ်။ ကျန်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ဘာမှ မရှိဘူး။"

ကိုနိုင်ငံလင်းဟာ ပညာဒါနပြုတဲ့ အနေနဲ့ အဖွဲ့ချုပ်ဗဟိုရုံးချုပ်မှာ ကလေးတွေကို တပတ် ၃ ရက် အင်္ဂလိပ်စာ သင်ကြားပေးနေတာပါ။ အခု အောင်သပြေ စစ်ကြောရေးမှာ ထိန်းသိမ်းထားတယ်ဆိုတာ သိရတဲ့အတွက် အဝတ်အစားလည်းပေးရင်း အကျိုးအကြောင်းလည်းသိရအောင် သွားမယ်လို့လည်း မခင်စန္ဒာဝင်း က ပြောပါတယ်။

ဒီလ ၁၇ ရက်နေ့က အဖမ်းခံရတဲ့ တောင်ဒဂုံအဖွဲ့ချုပ်ဝင်ကိုလေးလွင်ဟာလည်း အင်းစိန်ထောင်မှာ ထိန်းသိမ်းခံထားရပြီး လာမယ့် ဇူလိုင်လ ၃ ရက်နေ့မှာ ရုံးထုတ်မှာလို့ သူ့ရဲ့ဇနီးကပြောပါတယ်။ တောင်ဒဂုံမြို့နယ်မှာ ရေအခက်ခဲပြဿနာနဲ့ပတ်သက်လို့ ဓာတ်ပုံ ဗွီဒီယိုရိုက်ထားတာကို မြို့နယ် အာဏာပိုင်တွေက ကိုလေးလွင် လုပ်တာဆိုပြီး စွပ်စွဲဖမ်းဆီးထားတာပါ။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER